# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၇ ရက် တနင်္လာနေ့။ Monday, 3 April 2017 (၈၈၈၅)


**ဟုတ်တိုင်းမှန်စွာသိ**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါဖြစ်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံးသော ဆင်းရဲမည်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာဖြစ်၏။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

သုခဝဂ်(ဓမ္မပဒ-၂၀၃)

# ပြည်သူနှင့်အတူ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ ကြေညာ

**နေပြည်တော် ဧပြီ ၂**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ယနေ့နံနက် ၉ နာရီမှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ရခိုင်အမျိုးသားပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ရွေးချယ်ခံရကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲ

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**



သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကိုးနေရာ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ခြောက်နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက နှစ်နေရာ၊ ရခိုင်အမျိုးသားပါတီက တစ်နေရာ၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)က တစ်နေရာတို့ ရွေးချယ်ခံရ


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## စိတ်ရင်းမှန်နဲ့ ကြိုးစားအကောင်အထည်ဖော်

ဒီနေ့အချိန်အခါဟာ အတိတ်သမိုင်းက မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ရေရှည်တည်တံ့မယ့်၊ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ စိတ်ရင်းစေတနာအမှန်နဲ့ ကြိုးစားကြမှသာ ပဋိပက္ခနွံကနေ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ပြည်သူလူထု ကြည်ဖြူသလောက်ပဲ ခိုင်မာမယ်

ဒီမိုကရေစီအစိုးရဆိုတာ ထာဝရမဟုတ်ပါဘူး။ အစဉ်အမြဲနိုင်ငံကို အုပ်ချုပ်သွားဖို့ မဟုတ်ပါဘူး။ အစဉ်အမြဲ ငါတို့သာတော်တယ်။ ငါတို့လောက်တော်တဲ့သူဘယ်သူမှမရှိဘူး ဆိုပြီးတော့ ရပ်တည်သွားဖို့ မဟုတ်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုတာဟာ အနိစ္စတရားကို အမြဲပဲသုံးသပ်နေရမှာဖြစ်ပါတယ်။ ကျွန်မတို့ဟာ မမြဲခြင်းဆိုတဲ့ နိုင်ငံရေးသဘောတရားအရ အစိုးရရဲ့အခြေအနေဟာ ပြည်သူလူထု ကြည်ဖြူသလောက်ပဲ ခိုင်မာမယ်ဆိုတာကို လက်ခံတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့အစိုးရကို သေသေချာချာလေ့လာပါ။ ဝေဖန်သင့်တာလည်း ဝေဖန်ပါ။ ကျွန်မတို့နဲ့ ကူညီဆောင်ရွက်ပေးသင့်တာတွေလည်း ကူညီဆောင်ရွက်ပေးကြပါ။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၅ /၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးညွန့်အောင် | ၅/အရတ(နိုင်)၀၀၃၂၀၆ | မုံရွာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၂) | ဦးအောင်ကြည်သိန်း | ၁၂/မရက(နိုင်)၀၁၈၁၅၀ | ချောင်းဆုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၃) | ဒေါက်တာအေးမောင် | ၁၃/နခန(နိုင်)၀၀၉၉၉၉ | အမ်း | ရခိုင်အမျိုးသားပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄) | ဦးမြစိန် | ၁၂/ဒပန(နိုင်)၀၁၅၆၂၉ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးနေကျော် | ၁၂/တမန(နိုင်)၀၄၅၈၁၈ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးကျော်ဆွေဝင်း(ခ) ဦးအာလူး | ၁၂/ကမန(နိုင်)၀၀၂၅၆၉ | ကော့မှူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးဝင်းမင်း | ၁၂/ကမတ(နိုင်)၀၄၀၇၃၆ | လှိုင်သာယာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၈) | စိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး | ၉/မကန(နိုင်)၀၀၀၀၀၁ | မိုင်းရှူး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | စိုင်းအောင်ကျော် | ၁၃/ကသန(နိုင်)၀၀၀၅၆၃ | ကျေးသီး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်)ပဉ္စမနေ့ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၄၄၀၉၃ ပါးအနက် ၃၅၉၅၉ ပါး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၅၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်အတွင်း၌ အသိပညာပေးဟောပြောပွဲများပြုလုပ်

**မောင်တော ဧပြီ ၂**

မောင်တောမြို့နယ်အတွင်း၌ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦး၊ မောင်တောမြို့နယ် ရဲတပ်ဖွဲ့မှူး ကျော်မြဝင်း၊ မောင်တောခရိုင် ပြန်/ဆက် ဦးစီးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကို ဧပြီ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့လုပ်ဆောင်ရာတွင် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေး၊ မီးဘေးအန္တရာယ် တားဆီးနှိမ်နင်းရေးပညာပေးလုပ်ငန်းများကို မြို့မတောင်ရပ်ကွက် နာရီစင်လမ်းဆုံ၊ ရှိတ္တာရွာလမ်းဆုံ၊ စေတီပြင်ဈေးလမ်းဆုံ သုံးနေရာတို့၌ ပညာပေးဟောပြောခဲ့ပြီး ပြည်သူလူထုအင်အား ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ရာမညာ၊ တင်စိုး**

❑

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၆ /၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးဘွဲခိန်း (Pu Bawi Khing) | ၄/ထတလ(နိုင်)၀၀၁၈၄၂ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂) | ဒေါ်စန်းစန်းမြင့် | ၇/ညလပ(နိုင်)၁၂၃၅၀၁ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၃) | ဒေါက်တာမောင်မောင် | ၉/ကပတ(နိုင်)၀၃၁၇၂၇ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၇/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးသဲရယ် | ၂/ဖရဆ(နိုင်) ၀၁၂၉၂၄ | ဖရူဆို(၁) | လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်) |
| **ရှမ်းပြည်နယ်** | | | | |
| (၂) | စိုင်းစံမိုင်း | ၁၃/ကသန(နိုင်)၀၁၇၃၇၆ | ကျေးသီး(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးခင်မောင်ညွန့် | ၁၂/ရကန(နိုင်)၀၂၅၁၀၇ | ကျေးသီး(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | စိုင်းလင်းမြတ် | ၁၃/တကန(နိုင်)၀၀၀၉၂၇ | မိုင်းရှူး(၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်နန်းကောင်ခမ်း | ၁၃/တယန(နိုင်)၀၀၁၁၃၉ | မိုင်းရှူး(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးရှာမွေလရှုန် | ၁၃/မခန(နိုင်)၀၀၀၁၁၉ | ကျိုင်းတုံ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးခင်မောင်ဝင်း | ၁၃/တကန(နိုင်)၀၄၁၅၀၇ | ညောင်ရွှေ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အိန္ဒိယ၏ အရှည်လျားဆုံး ဥမင်ကားလမ်းသစ် ဂျမ္မူးရ်-ဆရီနာဂါး ပြည်ထောင်စုလမ်းတွင် ဖွင့်



**နယူးဒေလီ မေ ၂**

အိန္ဒိယနိုင်ငံ ဂျမ္မူးရ်-ဆရီနာဂါး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ချန်နာနီ-နာရှရီ ဥမင်ကားလမ်းကို ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက မေ ၂ ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ အရှည်လျားဆုံး ဥမင်ကားလမ်းဖွင့်ပွဲအခမ်းအနားအတွက် လုံခြုံရေးတင်းကျပ်ထားသည်။ ဂျမ္မူးရ်-ဆရီနာဂါး အဝေးပြေးလမ်းမကြီးကို ဖွင့်လှစ်ခြင်းဖြင့် ခရီးသွားများ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဟု မျှော်လင့်ရသည်။ အမှတ်(၄၄) ပြည်ထောင်စုလမ်းမကြီးကို အသုံးပြု၍ ဂျမ္မူးရ်မြို့နှင့် ဆရီနာဂါးမြို့အကြား ကူးလူးသွားလာရာတွင် ခရီးတာ ၃၁ ကီလိုမီတာ လျှော့ချပေးနိုင်မည်ဖြစ်ရာ ခရီးသွားလာရချိန်ကို နှစ်နာရီခန့် ပိုမိုလျှော့နည်းစေမည်ဆို၏။

၉ ဒသမ ၂ ကီလိုမီတာ ရှည်လျားသော ဥမင်ကားလမ်းသည် အဝေးပြေးလမ်းမပေါ်ရှိ စခန်းသုံးခုကို ကွင်းရှောင်ကာ ဖောက်လုပ်ထားသဖြင့် အချိန်တိုတိုအတွင်း ခရီးသွားလာနိုင်ရန် ရည်ရွယ်သည်။

ဟိမဝန္တာတောင်တန်းဒေသ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၂၀၀ (ပေ ၄၀၀၀ ခန့်)တွင် အဆိုပါ ဥမင်ကားလမ်း တည်ရှိသည်။

အခြေခံအဆောက်အအုံလုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီက ရန်ပုံငွေထောက်ပံ့မှုဖြင့် ဥမင်ကားလမ်းကို တည်ဆောက်ခဲ့ရာတွင် ငါးနှစ်ခွဲကြာမြင့်သည်အထိ အချိန်ယူ ဆောင်ရွက်ခဲ့ရသည်။ ဥမင်လမ်းတည်ဆောက်ရေးလုပ်ငန်းအတွက် ရူပီး ကုဋေ ၂၅၀၀ ကျခံသုံးစွဲခဲ့သည်။ ဥမင်ကားလမ်းဖွင့်လှစ်နိုင်ခြင်းဖြင့် နေ့စဉ်စက်သုံးဆီသုံးစွဲရမှုအတွက် ကုန်ကျစရိတ်ငွေကို ရူပီး ၂၇ သိန်း ချွေတာရာ ရောက်စေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# ကိုလံဘီယာနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၊ လူ ၂၃၀ ကျော်သေဆုံး



**ဘိုဂိုတာ မေ ၂**

မေ ၁ ရက်အစောပိုင်းက ကိုလံဘီယာအနောက်တောင်ပိုင်းရှိ မိုကိုရာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၂၃၀ ကျော်သေဆုံးခဲ့ပြီး မြစ်ရေနှင့်အတူပါလာသော ရွှံ့နှင့်နုန်းမြေများက လူနေအိမ်များနှင့် လမ်းမများပေါ်တွင် ပြည့်နှက်လျက်ရှိခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး မြစ်ရေလျှံမှုများသည် နံနက် ၃ နာရီတွင် ဖြစ်ပွားခဲ့သည့်အတွက် ဒေသခံပြည်သူများ အိပ်စက်အနားယူနေသည့်အချိန်ဖြစ်သည်။ မြစ်ရေနှင့်အတူပါလာသော ရွှံ့နှင့်နုန်းမြေများသည် လူနေအိမ်များအတွင်းသို့ အမြင့်ပေ တစ်ပေခန့် ဝင်ရောက်ခဲ့သည်။ ကားလမ်းမပေါ်ရှိ မော်တော်ကားများသည် ရေစီးဖြင့်ဦးတည်ရာမဲ့ မျောပါသွားခဲ့သည်။

သမ္မတ ဂျူရန် မာနျူရယ် ဆန်တို့စ်က ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် မိုကိုရာမြို့သို့ လာရောက်ခဲ့ပြီး အခြေအနေအရပ်ရပ်ကို ကြည့်ရှုစစ်ဆေးကာ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ထောက်ပံ့မှုများပေးမည်ဖြစ်ကြောင်းနှင့် အခြေအနေများ ပုံမှန်အတိုင်းဖြစ်စေရန် အာဏာပိုင်များအနေဖြင့် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်ဟု သမ္မတ ဆန်တို့စ်က ပြောကြားခဲ့သည်။ တပ်မတော်သားများ အပါအဝင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်မှုဌာနမှ ကယ်ဆယ်ရေးလုပ်သားများက မြေပြိုမှုများအောက်တွင် ပိမိနေသည့် ပြည်သူများအား ကယ်ဆယ်ပေးခဲ့သည်။

မေ ၂ ရက်နံနက်ပိုင်းတွင် ထုတ်ပြန်ခဲ့သော စာရင်းများအရ ရေကြီးရေလျှံမှုများနှင့် နောက်ဆက်တွဲ ဘေးအန္တရာယ်များ ဖြစ်ပွားမှုတို့ကြောင့် လူပေါင်း ၂၃၀ ကျော်သေဆုံးခဲ့ပြီး ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကာ အများအပြားပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အခြားသော သတင်းဌာနများက သေဆုံးသူအရေအတွက် ၂၅၄ ဦးရှိကြောင်း ဖော်ပြကြသည်။

ကိုလံဘီယာနိုင်ငံတွင် မိုးရာသီ စတင်ဝင်ရောက်ပြီဖြစ်သော်လည်း ယခုရွာသွန်းခဲ့သည့် မိုးသည် သာမန်ထက် ပိုမိုသည်းထန်လျက်ရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# ဒေါ်နယ်လ်ထရန့်၏ ညွှန်ကြားချက်အမိန့်များ လွတ်လပ်သော ကုန်သွယ်ရေးကို ကျော်ခိုင်းရာရောက်ဟုဆို

**ဘာလင် မေ ၂**

ကုန်သွယ်ရေးလိုငွေပြမှုများနှင့် သွင်းကုန်ပစ္စည်းများအပေါ် အခွန်ရှောင်မှုတို့နှင့် သက်ဆိုင်နေသော အမိန့်ညွှန်ကြားလွှာများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ခြင်းသည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် နိုင်ငံတကာသဘောတူညီချက်များကို ကျော်ခိုင်းရာရောက်ကြောင်း ဂျာမနီစီးပွားရေးဝန်ကြီး ဘရီဂစ်ဇီပရီယက်က ပြောကြားလိုက်သည်။

အမေရိကန်ကုန်သွယ်ရေး လိုငွေပြမှုအား ဖြစ်ပေါ်စေသည့် အကြောင်းတရားများ မည်သို့ရှိသည်ကို ဆန်းစစ်လေ့လာသွားရန် ထရန့်၏ အစိုးရအဖွဲ့က မတ် ၃၁ ရက်တွင် ညွှန်ကြားချက်အမိန့် ထုတ်ပြန်ခဲ့သည်။ ထရန့်သည် အမေရိကန်အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်ပေးမည့် အမိန့်နှစ်ရပ်ကို တစ်ပြိုင်တည်း လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ ကုန်သွယ်ရေး စည်းမျဉ်းများအား ချိုးဖောက်သည့် နိုင်ငံများအား တုံ့ပြန်အရေးယူရန် ထရန့်က ရည်ရွယ်သည်။

ကုန်သွယ်ရေး လိုငွေပြမှုနှင့် အမေရိကန် ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းများ အောတိုက်သွင်းမှု တိုက်ဖျက်ရေးအတွက် သုံးသပ်လေ့လာမှုပြုလုပ်ရန် သမ္မတထရန့်က ညွှန်ကြားသည်ဟု ဆိုသော်လည်း ယင်းဆောင်ရွက်ချက်သည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် နိုင်ငံတကာသဘောတူညီချက်များကို ကျော်ခိုင်းရာရောက်စေသည်ဟု ဂျာမနီစီးပွားရေးဝန်ကြီးက မေ ၁ ရက်တွင် ဝေဖန် ပြောကြားခဲ့သည်။

အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှုနှင့် ပတ်သက်၍ မိမိတို့ အပြုသဘောဆောင်စွာ ဆွေးနွေးမှုများ ပြုလုပ်လိုကြောင်း၊ မိမိသည် ဝါရှင်တန်သို့ မေလတွင် သွားရောက်သည့်အခါ အမေရိကန်စီးပွားရေးဝန်ကြီးနှင့် ယင်းကိစ္စကို အသေးစိတ် ဆွေးနွေးမည်ဖြစ်ကြောင်း ဇီပရီယက်က ပြောကြားသည်။ **ရိုက်တာ။**



# အင်ဒိုနီးရှားရေပိုင်နက်အတွင်း ငါးခိုးဖမ်းသည့် နိုင်ငံခြားရေယာဉ် ၈၁ စင်း ဖျက်ဆီး

**ဂျကာတာ မေ ၂**

အင်ဒိုနီးရှားရေပိုင်နက်အတွင်း ဥပဒေမဲ့ ငါးခိုးဖမ်းမှုပြုလုပ်သော နိုင်ငံခြားရေယာဉ် ၈၁ စင်းကို အာဏာပိုင်များက ဖျက်ဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းစုတစ်ဝန်း နေရာပေါင်း ၁၂ နေရာတွင် ငါးခိုးဖမ်းသည့် နိုင်ငံခြားရေယာဉ်များကို ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ မာလူကူးပြည်နယ် အမ်ဘွန်ပင်လယ်ဆိပ်ကမ်း၌ နိုင်ငံခြားငါးဖမ်းရေယာဉ်နှစ်စင်းကို ပင်လယ်ရေကြောင်းရေးရာနှင့် ရေလုပ်ငန်းဝန်ကြီး ဆူစီပတ်ဂျီယာစတူတီ၏ ရှေ့မှောက်တွင် ဖျက်ဆီးပစ်ခဲ့သည်။

မိမိ၏နိုင်ငံ အချုပ်အခြာအာဏာပိုင်စိုးရေးအတွက် အရေးယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဥပဒေမဲ့ ငါးခိုးဖမ်းမှုများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း နိုင်ငံခြား ငါးဖမ်းရေယာဉ် ၃၁၇ စင်းကို ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ရေပြင်နယ်နိမိတ်အတွင်း ငါးခိုးဖမ်းမှုများကို လက်ခံနိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ ငါးဖမ်းရေယာဉ်အများစုမှာ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဖြစ်ကြသည်။ **ပီတီအိုင်။**

# နိုင်ငံတကာ မြင်ကွင်း

## ရဲရင့်လင်းလက်



တရုတ်နိုင်ငံက သမ္မတရှီကျင့်ဖျင် အမေရိကန်နိုင်ငံ သွားရောက်မယ့်ရက်ကို အတည်ပြုပြောကြားခဲ့ပါတယ်။ တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့ဟာ ပထမဦးဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးကြမှာပါ။ ဧပြီ ၆ ရက် နဲ့ ၇ရက်တွေမှာ ဖလော်ရီဒါပြည်နယ်က မာအာလာဂိုး(Mar-a-Lago) အပန်းဖြေစခန်းမှာတွေ့ဆုံကြမှာပါ။ မာအာလာဂိုးအပန်းဖြေစခန်းဟာ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ပုဂ္ဂလိကပိုင်အပန်းဖြေစခန်းဖြစ်ပြီး အင်မတန် ကြီးကျယ်ခမ်းနားပါတယ်။ သမ္မတဒေါ်နယ်လ်ထရန့်က သူ့ထုံးစံအတိုင်း မာအာလာဂိုးအပန်းဖြေစခန်းဟာ အမေရိကန်တောင်ပိုင်းက အိမ်ဖြူတော်ဆိုပြီး ခပ်ကြွားကြွားပြောဆိုနေတာပါ။ ပြောရရင် ဒီခေါင်းဆောင်နှစ်ဦးကြားမှာ ကွဲလွဲမှုတွေက အများကြီးပါ။ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနဲ့ တရုတ်နိုင်ငံရဲ့ ဒေသတွင်းရည်မှန်းချက်တွေ အပါအဝင် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ မူဝါဒတွေမှာ ကွဲလွဲမှုတွေက သိသိသာသာ ရှိနေတာပါ။

အိမ်ဖြူတော်ကတော့ လာမယ့် ဧပြီ ၆ ရက်နဲ့ ၇ရက်တွေမှာ သမ္မတရှီကျင့်ဖျင်ကို မာအာလာဂိုးအပန်းဖြေစခန်းမှာ ဧည့်ခံကြိုဆိုမှာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနဲ့ နှစ်နိုင်ငံဆိုင်ရာ ကိစ္စတွေမှာ အလေးထားကိုင်တွယ်ရမယ့်ကိစ္စတွေကို အပြန်အလှန်ဆွေးနွေးကြမယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ အိမ်ဖြူတော်ထုတ်ပြန်ချက်အရ သမ္မတ ဒေါ်နယ်လ်ထရန့်နဲ့ သမ္မတကတော် မယ်လင်နီးယား(Melania)တို့ဟာ တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ သမ္မတကတော် ပင်လီဝှမ် (Peng Liynan)တို့ကို ဧပြီ ၆ ရက်မှာ ညစာစားပွဲနဲ့ ဧည့်ခံမှာပါ။တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူ လူကမ်း(Lu Kang) က“တကယ့် ပကတိအခြေအနေက ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်စပ်မှုဟာ တစ်ယောက်အကူအညီလိုရင် တစ်ယောက်က မဖြစ်မနေ အပြန်အလှန်ကူညီရမယ့် အနေအထားပါ။ နှစ်နိုင်ငံစလုံးက ဘုံအကျိုးစီးပွားကို ပိုကြီးမားခိုင်မာလာအောင် ချဉ်းကပ်ရမှာပါ။ ငါတော့ ပိုရသင့်တယ်ဆိုတဲ့ ပုံစံမျိုးမချဉ်းကပ်သင့်ပါဘူး”လို့ ပြောဆိုရှင်းလင်းခဲ့ပါတယ်။ အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်တွေကတော့ မြောက်ကိုရီးယားနိုင်ငံကိစ္စ၊ နှစ်နိုင်ငံကြားကုန်သွယ်ရေး မမျှမတဖြစ်မှုနဲ့ တောင်တရုတ်ပင်လယ်အတွင်းက ပိုင်နက်မြေ အငြင်းပွားမှုတွေဟာ သမ္မတနှစ်ဦးအကြား အဓိကထား ဆွေးနွေးကြမယ့် အကြောင်းအရာတွေဖြစ်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။

ပြောရရင် သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ဒေါ်နယ်လ်ထရန့် ပြောဆိုခဲ့တဲ့ကိစ္စတွေအပါအဝင် သမ္မတတာဝန်ယူပြီးနောက်ပိုင်း ဒေါ်နယ်လ်ထရန့်က ထိုင်ဝမ်သမ္မတ ဆိုင်အင်ဝေကို ဖုန်းဆက်စကားပြောဆိုခဲ့တာတွေကြောင့် အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား တင်းမာမှုတွေရှိခဲ့တာပါ။ ဒါပေမယ့် သမ္မတ ဒေါ်နယ်လ်ထရန့်က တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ဖုန်းဆက်ပြီး တစ်ခုတည်းသော တရုတ်နိုင်ငံမူဝါဒကို လက်ခံပါတယ်လို့ ပြောဆိုခဲ့တဲ့အတွက် နှစ်နိုင်ငံကြားဆက်ဆံရေးကောင်းဖို့ လမ်းစကို ပြန်ဆုပ်ကိုင်နိုင်ခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ နျူကလီးယားနဲ့ ဒုံးပျံလက်နက် အစီအစဉ်တွေကို ထိန်းချုပ်ပေးဖို့ တရုတ်နိုင်ငံအပေါ် အမေရိကန်နိုင်ငံရဲ့ ဖိအားပေးပြောဆိုမှုတွေနဲ့ တောင်ကိုရီးယားနိုင်ငံမှာ အမေရိကန်နိုင်ငံက ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်မှုတွေဟာ တရုတ်နိုင်ငံအဖို့တော့ စိတ်အနှောင့်အယှက်ဖြစ်စရာတွေပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်(ခ)တေလာဆင်က မတ်လအတွင်း တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံအရေးနဲ့ပတ်သက်ပြီး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့သလို နှစ်နိုင်ငံကြား ဆက်ဆံရေးကောင်းမွန်စေလိုတဲ့ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ ဆန္ဒကိုလည်း အလေးအနက်ထားပြောကြားခဲ့ပါတယ်။ နှစ်ဦးချင်းဖုန်းဆက်စကားပြောအပြီး သမ္မတ ဒေါ်နယ်လ်ထရန့်က သမ္မတ ရှီကျင့်ဖျင်ဆီ စာပို့ခဲ့တာကိုက စီးပွားရေးနဲ့ ပထဝီဝင်နိုင်ငံရေး ပကတိအခြေအနေတွေက နှစ်နိုင်ငံကြား ဆက်ဆံရေးကောင်းမွန်ဖို့လိုတာကို ညွှန်ပြနေပါတယ်။

ကမ္ဘာကြီးရဲ့ ဒုတိယအကြီးမားဆုံး စီးပွားရေးကို အကျပ်ကိုင်ဖို့ မဖြစ်နိုင်သလို ထိန်းချုပ်လို့လည်းမရပါဘူး။ တရုတ်နိုင်ငံက ပြည်ပအန္တရာယ်ကာကွယ်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ တောင်တရုတ်ပင်လယ်မှာ ကျွန်းတုတွေတည်ဆောက်ပြီး ဒုံးပျံတွေနဲ့ ဂျက်တိုက်လေယာဉ်ပျံတွေ ဖြန့်ကြက်ခဲ့ပါတယ်။ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံရဲ့ စစ်ရေးယှဉ်ပြိုင်မှုကို တုံ့ပြန်နိုင်ဖို့ ရေငုပ်သင်္ဘောတွေနဲ့ စစ်သင်္ဘောတွေကို တိုးချဲ့ခဲ့ပါတယ်။ တရုတ်နိုင်ငံက သူ့ရဲ့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို ဒီနှစ်မှာ စတင်အသုံးပြုတော့မှာပါ။ တရုတ်နိုင်ငံက သူ့ရဲ့ ပထမဦးဆုံးရဟတ်ယာဉ် ၃၀ တင် စစ်သင်္ဘောကို တည်ဆောက်နေပါပြီ။ ကျန်အာရှနိုင်ငံအားလုံးက အမေရိကန်နိုင်ငံနဲ့လက်တွဲပြီး တရုတ်နိုင်ငံကို တိုက်ခိုက်ခဲ့မယ်ဆိုရင် တောင်နျူကလီးယားလက်နက်အပါအဝင် သမားရိုးကျစစ်အင်အား တောင့်တင်းပြီး လူဦးရေ ၁ ဒသမ ၃၆ ဘီလီယံ ရှိတဲ့တရုတ်နိုင်ငံကို အနိုင်တိုက်ဖို့ဆိုတာ သန်းနဲ့ချီတဲ့ အာရှပြည်သူတွေနဲ့ အမေရိကန်ပြည်သူတွေရဲ့အသက်ကို မပေးဆပ်ဘဲမဖြစ်နိုင်ပါဘူး။ ပြောလိုတာက တရုတ်နိုင်ငံကို စစ်ရေးအရ အနိုင်ယူမယ်ဆိုတာက အဓိပ္ပာယ်မရှိပါဘူး။

ပြောရရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးဟာ ခွဲထုတ်လို့ မရလောက်အောင် ဆက်စပ်နေတာပါ။ အမေရိကန်နိုင်ငံအတွင်း တရုတ်နိုင်ငံအပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုတွေ ပြုလုပ်နေပေမယ့် နှစ်နိုင်ငံကြား အပြန်အလှန်ကုန်သွယ်မှုဟာ မရပ်မနားတိုးတက်နေတာပါ။ ၁၉၉၀ ပြည့်နှစ်မှာ နှစ်နိုင်ငံကြား အပြန်အလှန် ကုန်သွယ်မှုဟာဒေါ်လာ ၃၅ ဘီလီယံသာ ရှိခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာ ဒေါ်လာဘီလီယံ ၆၀၀ အထိ မြင့်တက်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံကို တင်ပို့ခဲ့တဲ့ တရုတ်ပို့ကုန်တွေရဲ့ သုံးပုံနှစ်ပုံကို အမေရိကန်ကုမ္ပဏီတွေ ဒါမှမဟုတ် အမေရိကန်-တရုတ်ဖက်စပ်ကုမ္ပဏီတွေက ထုတ်လုပ်ခဲ့တာပါ။ ကုန်ထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေရယူသုံးစွဲမှုအပိုင်းမှာလည်း နှစ်နိုင်ငံဟာ ခွဲခြားလို့ မရလောက်အောင်ကို အပြန်အလှန်မှီခိုနေရတာပါ။ ၁၉၉၀ ပြည့်လွန်ကာလတွေမှာ အမေရိကန်နိုင်ငံထဲ မြှုပ်နှံထားတဲ့ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာ မရှိသလောက်ပါပဲ။ ဒါပေမယ့် ၂၀၁၆ နှစ်ကုန်မှာ အမေရိကန်နိုင်ငံထဲ မြှုပ်နှံထားတဲ့ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ရှိလာပါတယ်။ တရုတ်နိုင်ငံမှာ မြှုပ်နှံထားတဲ့ အမေရိကန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြည့်ရင် ၂၀၀၀ ပြည့်နှစ်မှာ သုညအဆင့်ပဲရှိပါတယ်။ ဒါပေမယ့် ၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံထဲ မြှုပ်နှံထားတဲ့ အမေရိကန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဟာဒေါ်လာ ၂၂၈ ဘီလီယံကျော်လာပါတယ်။ ပြောရရင် တရုတ်နိုင်ငံထဲမှာ ရှိတဲ့ အမေရိကန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အမေရိကန်ထိပ်သီးကုမ္ပဏီတွေက ပြုလုပ်ခဲ့တာပါ။

တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့ ပို့ကုန်တင်ပို့ရာ အဓိကဈေးကွက်ဖြစ်သလို အမေရိကန်နိုင်ငံရဲ့ ပြည်နယ် ၅၀ ထဲက ၃၃ ပြည်နယ်မှာ တရုတ်နိုင်ငံဟာ အဓိကရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံပါ။ အမေရိကန်နိုင်ငံရဲ့ အထင်ကရပြည်နယ်ကြီးတွေဖြစ်တဲ့ ဝါရှင်တန်၊ ကယ်လီဖိုးနီးယား၊ တက္ကဆက်နဲ့ မီချီဂန်အပါအဝင် ပြည်နယ်အတော်များများရဲ့ အဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ တရုတ်နိုင်ငံက အဓိကအခန်းကဏ္ဍကပါဝင်နေပါတယ်။ ချီကာဂို၊ လော့အိန်ဂျလိစ်နဲ့ ဖီလာဒဲဖီးယား မြို့တွေဟာ မကြာသေးခင်ကပဲ မိခင်တရုတ်ကုမ္ပဏီရဲ့ အမေရိကန် ကုမ္ပဏီခွဲကနေ မီးရထားတွဲ ရာနဲ့ချီဝယ်ယူခဲ့ပါတယ်။ ဒီလို အလားတူ ဖြစ်ရပ်တွေကို အမေရိကန်တစ်နိုင်ငံလုံးမှာ တွေ့လာရနိုင်ပါတယ်။ သမ္မတသစ် ဒေါ်နယ်လ်ထရန့်က အမေရိကန်နိုင်ငံရဲ့ ယိုယွင်းနေတဲ့ အခြေခံအဆောက်အအုံတွေကို ပြန်လည်အဆင့်မြှင့်တည်ဆောက်မယ်လို့ ကြွေးကြော်မူဝါဒချမှတ်ထားတာပါ။

တရုတ်နိုင်ငံရဲ့ ဈေးကွက်ဟာ တစ်နေ့တခြား ပိုသုံးနိုင်ဖြုန်းနိုင်လာတဲ့အတွက် အမေရိကန်စီးပွားရေးသမားတွေနဲ့ နိုင်ငံရေးသမားတွေအပါအဝင် ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ကျောင်းသားတွေဟာ တရုတ်နိုင်ငံမှာ လည်ပတ်မှုတွေပိုပြုလုပ်လာကြပါတယ်။ တရုတ်နိုင်ငံရဲ့ အဆက်မပြတ် တိုးတက်နေတဲ့ စီးပွားရေးဟာ အမေရိကန်စီးပွားရေးလုပ်ငန်းတွေအဖို့ အခွင့်ကောင်းပါ။ ဥပမာ ပြောရရင် အမေရိကန် ဘိုးရင်းကုမ္ပဏီဟာ တရုတ်နိုင်ငံကို ၂၀၀၀ပြည့်နှစ်ကစပြီး လေယာဉ်ပျံ ဒေါ်လာ ဘီလီယံ ၆၀ ဖိုးလောက် ရောင်းချခဲ့ရပါတယ်။ အမေရိကန်နိုင်ငံရဲ့ စိုက်ပျိုးရေးအားပြုတဲ့ ပြည်နယ်တွေဆိုရင် တရုတ်နိုင်ငံကို အသင့်ထုပ်ပိုးကြက်သားနဲ့ ပဲပုပ်အပါအဝင် တခြားစားသောက်ကုန်တွေ တင်ပို့ကြပါတယ်။ တရုတ်နိုင်ငံအလယ်အလတ်လူတန်းစားရဲ့ သုံးနိုင်ဖြုန်းနိုင်တဲ့ အလယ်နဲ့အပေါ်အလွှာအင်အားဟာ သန်းပေါင်း ၇၀၀ နီးပါးရှိလို့ မက်လောက်တဲ့ဈေးကွက်ပါ။

ကုန်သွယ်ရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံကို ပြင်းပြင်းထန်ထန် ဝေဖန်တဲ့အမေရိကန်နိုင်ငံရေးသမားတွေဟာ ပြည်ပပို့ကုန်တင်ပို့နိုင်မှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုရရှိရေးတွေအပေါ် မှီခိုနေရတဲ့ အနေအထားတွေကြောင့် သူတို့ရဲ့ဝေဖန်ပြောဆိုမှုတွေကို လေသံလျှော့လာရပါတယ်။ တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သလို အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ရစ်ပဲရီ (Rick Perry)ဟာတရုတ်နိုင်ငံကို မမျှတတဲ့ ကုန်သွယ်ရေးအပြုအမူတွေနဲ့ လူ့အခွင့်အရေးထိုးဖောက်မှုတွေကြောင့် ဝေဖန်ခဲ့ပေမယ့် တက္ကဆက်ပြည်နယ်ရဲ့ စီးပွားရေးကိုမြှင့်တင်ဖို့ တရုတ်နိုင်ငံကို မနှစ်ကသွားခဲ့တဲ့ ခရီးစဉ်မှာ “မိတ်ဆွေကြီး တရုတ်နိုင်ငံ”လို့ ပြောဆိုခေါ်ဝေါ်ခဲ့ပါတယ်။ ဘီလ်ကလင်တန်ကနေ ဒေါ်နယ်လ်ထရမ့်အထိ အမေရိကန်သမ္မတတိုင်းဟာ သမ္မတလောင်းဘဝမှာ တရုတ်နိုင်ငံကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပေမယ့် သမ္မတတာဝန်ယူရတဲ့အချိန်မှာတော့ တရုတ်နိုင်ငံဆိုင်ရာ မူဝါဒတွေကို ဂငယ်ကွေ့ ချမှတ်ခဲ့တာပါ။

ပြောရရင် ဒေါ်နယ်လ်ထရန့်ပြောသလို တရုတ်နိုင်ငံက အမေရိကန်နိုင်ငံရဲ့ အလုပ်အကိုင်တွေကို အတင်းအဓမ္မခိုးယူလုယက်နေတာမဟုတ်ပါဘူး။ ကျွမ်းကျင်မှုမလိုတဲ့ လုပ်ငန်းတွေနဲ့ တစ်စိတ်တစ်ပိုင်းသာ ကျွမ်းကျင်မှုလိုတဲ့ လုပ်ငန်းတွေနေရာမှာ အလိုအလျောက်ထိန်းချုပ်မှုစနစ်တွေက အစားထိုးဝင်ရောက်လာလို့ အလုပ်အကိုင်အခွင့်အလမ်း လျော့ကျလာတာပါ။ အမေရိကန်ကုမ္ပဏီတွေက သဘာဝပတ်ဝန်းကျင်ထိခိုက်စေတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေနေရာမှာ ဝန်ဆောင်မှုလုပ်ငန်းတွေကို အစားထိုးဆောင်ရွက်လာတဲ့အတွက် အမေရိကန်နိုင်ငံရဲ့ စက်ရုံ၊ အလုပ်ရုံတွေကို ပိတ်လာရတာပါ။ တရုတ်နိုင်ငံက ယွမ်ဈေးကို အဆမတန် ဈေးနှိမ်ထားပြီး “ပြည်ပပို့ကုန်တွေဈေးချိုအောင်လုပ်၊ ကုန်သွယ်ရေးအရ အသာယူ” ဆိုတဲ့ ပြောဆိုချက်တွေကလည်း မမှန်ပါဘူး။ ပြောရရင် အမေရိကန်နိုင်ငံဆီတင်ပို့တဲ့ တရုတ်ပို့ကုန်ဆိုတာကလည်း တရုတ်နိုင်ငံမှာ လည်ပတ်နေတဲ့ အမေရိကန်ကုမ္ပဏီခွဲတွေကပဲ လုပ်တာများပါတယ်။ ကုန်ထုတ်လုပ်ငန်းတွေ ပြည်ပနိုင်ငံတွေဆီ ရွှေ့ပြောင်းတဲ့အတွက် အမေရိကန်နိုင်ငံဟာ ပိုချမ်းသာလာပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ပိုနည်းလာပါတယ်။ ပြည်ပကနေ တင်သွင်းလာတဲ့ ဈေးချိုတဲ့ တင်သွင်းကုန်တွေဟာ အမေရိကန်မိသားစုတွေကို တစ်နှစ်ပျမ်းမျှဒေါ်လာ တစ်သောင်းလောက်ကုန်ကျစရိတ်သက်သာစေတာပါ။ ဒီလိုကုန်ကျစရိတ်တွေ သက်သာလို့ အမေရိကန်ပြည်သူတွေဟာ ကုန်ပစ္စည်းတွေ ပိုဝယ်လာနိုင်သလို ဝန်ဆောင်မှုတွေကိုလည်း ပိုသုံးစွဲလာနိုင်ပါတယ်။

တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့ ကမ္ဘာတစ်လွှားက ဩဇာကို ခြိမ်းခြောက်စိန်ခေါ်နိုင်တဲ့ စွမ်းပကားမရှိသလို စိတ်ဆန္ဒလည်းမရှိပါဘူး။ ပြောရရင်တရုတ်နိုင်ငံဟာ အကျင့်ပျက်လာဘ်စားလာမှု၊ လူမျိုးရေးတင်းမာမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု စတဲ့စတဲ့ ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းနေရတာမို့လို့ ရန်သူတွေ ဝိုင်းဝိုင်းလည်နေတာပါ။ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား တင်းမာမှုဟာ နှစ်နိုင်ငံစလုံးကို ထိခိုက်ရုံသာမက တစ်ကမ္ဘာလုံးကိုပါ ထိခိုက်စေမှာပါ။ ဒါကြောင့် တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသာ တိုးတက်မှုကို ဖန်တီးနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းပါ။ ပြောရရင် ဧပြီ ၆ရက်မှ ၇ရက်အထိ အမေရိကန်- တရုတ်ထိပ်သီးအစည်းအဝေးက တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံကြားဆက်ဆံရေးဟာ ဆက်လက်နွေးထွေး ကောင်းမွန်နေမှာကို ပြသလိုက်တဲ့ခြေလှမ်းလို့ ပြောရမှာပါ။

# (၁၅)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂**

(၁၅)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း စာပေနှင့်ပတ်သက်သည့် အစီအစဉ်များ၊ စာပေပွဲလမ်းသဘင်အခမ်းအနားများ စည်ကားများပြားလာသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် စာပေသမားဖြစ်သည့်အတွက် စာပေနှင့်ပတ်သက်ပြီး စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေနယ်ထွန်းကားစည်ပင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာပေလောကသားများကလည်း လွတ်လပ်ပွင့်လင်းလာသည့် အခွင့်အရေးကို အသုံးပြုပြီး စာပေနှင့်ပတ်သက်သည့်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာသည်ကို တွေ့ရပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များ၊ ကလေးစာပေပွဲတော်များ ကျင်းပပေးလျက်ရှိပါကြောင်း၊ စာပေဆုဆိုသည်မှာ စာပေရေးသားသူများကို မြှောက်စားခြင်းဖြစ်သကဲ့သို့ စာပေကို ပိုပြီးထွန်းကားအောင်၊ စာပေပေါ်တွင် အများစိတ်ဝင်စားအောင် အားပေးထောက်ပံ့ရာရောက်သည့်အတွက် စာပေသမားများအနေဖြင့် စာပေဆုချီးမြှင့်သူများ၊ စာပေဆုရွေးချယ်ရာတွင်ပါဝင်သည့် ဆရာကြီး ဆရာမကြီးများကို ကျေးဇူးတင်ရှိပါကြောင်း၊ စာပေဆုအလှူရှင်များသည် ဆုများကို ယခုထက်မက ပိုမိုချီးမြှင့်နိုင်ကြပြီး ဆုရရှိသူများအနေဖြင့်လည်း ယခုထက် ပိုမိုပြောင်မြောက်သော စာပေအရေးအသားများကို ဆက်လက်ရေးသားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က စာပေဆု ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး စာပေဆုရွေးချယ်ရေးအဖွဲ့ဝင် ဆရာမောင်ခင်မင်(ဓနုဖြူ)က ဆုရမှတ်ချက်များကို ရှင်းလင်းတင်ပြသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တစ်သက်တာစာပေဂုဏ်ဆောင်ဆုရ ဆရာကြီး ဦးဝင်းမောင်(မင်းယုဝေ)၊ "ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား" စာအုပ်ဖြင့်ဆုရရှိသူ မခင်နု(ဒဿန)၊ "နန်းကျဘုရင် (The King In Exile)" ဘာသာပြန်စာအုပ်ဖြင့် ဆုရရှိသူ ဝင်းငြိမ်း၊ "အိမ်မွေး အချစ်တော်များ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်စန်းမော်၊ "A Study of the Leadership Skills of Ancient Myanmar Monarchs"ဘာသာပြန်စာအုပ်ဖြင့် ဆုရရှိသူ Sun Thit Aung(KMA)တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေမိသားစု ကိုယ်စား သမီးဖြစ်သူ KMD Group of Companies မန်နေဂျင်းဒါရိုက်တာ ဒေါ်တင်တင်အေးက ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာဦးကြည်မင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သားဖြစ်သူ ဦးသက်လွင်ရွှေက သက်ကြီးစာရေးဆရာများ ပူဇော်ပွဲအတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး(၁)မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)က လက်ခံသည်။

ထို့နောက် ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြပြီး ဆရာဝန်တင်ရွှေမိသားစုကိုယ်စား သမီးဖြစ်သူ ဒေါ်သက်သက်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဆုရရှိသူများနှင့် စာပေအလှူရှင် မိသားစုများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆရာဝန်တင်ရွှေစာပေဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင် (၁၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ယာယီရပ်နား

**ရန်ကုန် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စီစဉ်ဆောင်ရွက်သည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ယာယီရပ်နားခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေရန်ကုန်စာအုပ်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရန်ကုန်မြို့၌ စာအုပ်စာပေစိတ်ဝင်စားသူ များစွာရှိသည်ကို သိရကြောင်း၊ စာပေချစ်မြတ်နိုးသူများအတွက် နေရာတစ်ခု သီးသီးသန့်သန့်ရှိရန် လိုအပ်သည်ဟု ယုံကြည်သည့်အတွက်ကြောင့် ဤစာအုပ်လမ်း ဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့ကြကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို မျှော်လင့်ထားသည်ထက် ပို၍စည်ကားသည်ကို တွေ့ရသည့်အတွက် ဝမ်းသာကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းလေးမှာ စာပေလောကသားများတွေ့ဆုံ၍ စာပေဆွေးနွေးခြင်းများနှင့် စာပေအငွေ့အသက်များ ထုံမွမ်းသည့်နေရာတစ်ခုဖြစ်ရန် မျှော်လင့်ပါကြောင်း၊ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စည်ကားသိုက်မြိုက်အောင်



ဝိုင်းဝန်းကူညီကြသူများအားလုံးကို ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးက စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်စာအုပ်လမ်းတွင် ဖွင့်လှစ်ရောင်းချသော စာအုပ်ဆိုင်များကိုယ်စား ကိုနေ(မန်း)စာပေမှ ကိုနေ(မန်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌက စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် "ဝတ္ထုထဲက ဇာတ်ကောင်များ" အစီအစဉ်တွင် ပါဝင်ကူညီခဲ့သူ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်ကိုယ်စား ပြည်သူ့အရေးဂျာနယ် သတင်းထောက်ချုပ် ဦးကျော်ကျော်ဦး၊ Idea Magazine အယ်ဒီတာချုပ် မောင်မျိုးနှင့် Lion Co., Ltd မှ ဦးမြင့်နိုင်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

"စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဟာ စာပေသမားတွေဖြစ်ချင်တဲ့ နေရာလေးပါ။ စာပေတိုက်ပေါင်းများစွာပါတဲ့အတွက် ကိုယ်လိုချင်တဲ့စာအုပ်ကို ရနိုင်တယ်။ စာဖတ်ပရိသတ်အတွက်၊ စာပေလောကသားများအတွက် အလွန်ကောင်းတဲ့နေရာလေးပါ" ဟု စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က ပြောသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို ဇန်နဝါရီ ၇၊ ၈ ရက်(စနေ-တနင်္ဂနွေ)နေ့မှ စတင်ဖွင့်လှစ်ခဲ့ရာ ရက်သတ္တ ၁၃ ပတ်(၂၆ ရက်)ရှိခဲ့ကြောင်း၊ မကြာမီကာလတွင် မိုးရာသီကျရောက်တော့မည်ဖြစ်သည့်အတွက် ယာယီရပ်နားခြင်းဖြစ်ကြောင်း၊ ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး၊ရဲထွဋ်**

# ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း နောက်ဆုံးနေ့ ပိုမိုစည်ကား

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ဖွင့်လှစ်သည့် ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့တွင် ၂၆ ရက်မြောက် နောက်ဆုံးနေ့အဖြစ် စာအုပ်အရောင်းဆိုင်များက နံနက် ၈ နာရီမှ စတင် ခင်းကျင်းရောင်းချကြရာ ညနေ ၆ နာရီပိတ်ချိန်ထိ ရောင်းသူ၊ ဝယ်သူ၊ လေ့လာသူများဖြင့် ယခင်အပတ်စဉ်ဖွင့်လှစ်သည့်နေ့များကထက် ပိုမိုစည်ကားခဲ့ကြောင်း တွေ့ရသည်။

ယနေ့နောက်ဆုံးနေ့ဖြစ်သည့် စာအုပ်ဈေးတန်း၏ ထူးခြားချက်မှာ စာအုပ်ဈေးတန်းလာ မည်သူမဆို ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်များ စုပေါင်းလှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုဆောင်းပါးစသည့် အင်္ဂလိပ်-မြန်မာစာအုပ်အဟောင်းမျိုးစုံ အပုံလိုက်ခင်းကျင်းကာ "တစ်ဦးလျှင် နှစ်အုပ်နှုန်း"အခမဲ့ စာတန်းချိတ်ဆွဲထားသော စားပွဲဝိုင်း၌ စာချစ်သူများ၊ လူကြီးလူငယ်များဖြင့် ကြိတ်ကြိတ်တိုး အခမဲ့ရယူနေသည့် မြင်ကွင်းပင်ဖြစ်သည်။

ထို့ပြင် ယနေ့မွန်းလွဲပိုင်းတွင် "ပန်းရဲ့လမ်း"အနုပညာတေးဂီတအဖွဲ့က အနုပညာချစ်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် စာအုပ်တန်းရှိ စာအုပ်ဆိုင်ရှင်များ စုပေါင်း၍ စာအုပ်ဈေးတန်းလာသူများအား ရွှေရင်အေး၊ သောက်ရေသန့်တို့ဖြင့် အာဟာရဒါန လှူဒါန်းမှုများကလည်း စာအုပ်ဈေးတန်းကို ပိုမိုစည်ကားစေခဲ့သည်။

မွန်းလွဲပိုင်း ရန်ကုန်စာအုပ်လမ်း ယာယီရပ်နားခြင်းအခမ်းအနား အပြီးတွင် ရန်ကုန်စာအုပ်လမ်း၏ စာပေလှုပ်ရှားမှု အစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်တစ်ပြက်စာပေအနုပညာဆိုင်ရာ မေးခွန်းမေး/ဖြေကဏ္ဍကိုကျင်းပရာ စာရေးဆရာချစ်ဦးညိုက ဦးဆောင်၍ မေးခွန်းများကိုမေးမြန်းပြီး ဖြေဆိုနိုင်သူစာချစ်သူတိုင်းအား စာအုပ်များကို စာပေလက်ဆောင်အဖြစ် ချီးမြှင့်သည်။

ဆက်လက်၍ "ရေးသူဖတ်သူစာပေဆွေးနွေးပွဲ"ကို ကျင်းပရာ စာရေးဆရာမ သန်းမြင့်အောင်နှင့် စာရေးဆရာ သရဝဏ်(ပြည်)တို့ကဆွေးနွေးကြကာ စာပေမွေ့သူများ၏ စာပေအနုပညာဆိုင်ရာ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြပြီး ၎င်းတို့ ကိုယ်တိုင်ရေးသားထားသည့် စာအုပ်များအပေါ် အမှတ်တရလက်မှတ်ထိုးပေးကြသည်။

ယနေ့နောက်ဆုံးနေ့တွင် စာပေတိုက်ကြီးများ၊ စာအုပ်ဆိုင်ကြီးများအားလုံးက ဆိုင်ခန်းတင်ရောင်းချသည့် စာအုပ်အားလုံးအပေါ် ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း စသည့် လျှော့ဈေးနှုန်းများဖြင့် ရောင်းချကြကြောင်းတွေ့ရသည်။

အဆိုပါ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို ယနေ့နောက်ဆုံးနေ့အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယာယီရပ်နားမည်ဖြစ်ရာ မိုးရာသီကုန် ပွင့်လင်းရာသီတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ပြည်တွင်းရေးရာ

**✱ ရွှေဖုံးမှ**

ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီ မိနစ် ၅၀ တို့တွင် သက်ဆိုင်ရာ မဲဆန္ဒအလိုက် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ကြေညာစဉ်။

### ပြည်သူ့လွှတ်တော်

ထိုသို့ ထုတ်ပြန်ကြေညာရာတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၀ ဦး အနက် ၄၁၅၀၄ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသောဆန္ဒမဲ ၄၀၃၂၀ မဲရရှိခဲ့ကြောင်း၊ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးနေကျော်က ဆန္ဒမဲပေါင်း ၂၇၃၅၇ မဲ(၆၇ ဒသမ ၈၅ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ရှစ်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးအနက် ၄၆၄၁၈ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၄၄၉၈၉ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းမင်းက ဆန္ဒမဲပေါင်း ၃၁၃၆၉ မဲ(၆၉ ဒသမ ၇၃ ရာခိုင်နှုန်း)**ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါး ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၉၈၀၇ ဦး အနက် ၂၆၂၅၀ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၂၅၂၇၁ မဲရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးမြစိန်က ဆန္ဒမဲပေါင်း ၁၅၇၅၆ မဲ( ၆၂ ဒသမ ၃၅ ရာခိုင်နှုန်း)**ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ကိုးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄၆၉၈ ဦး အနက် ၅၆၁၄၁ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၅၄၃၄၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးကျော်ဆွေဝင်း(ခ) ဦးအာလူးက ဆန္ဒမဲပေါင်း ၃၈၀၂၈ မဲ(၆၉ ဒသမ ၉၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၅၀၀၄၀ အနက် ၁၁၉၂၇၂ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၁၇၄၂၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးညွန့်အောင်က ဆန္ဒမဲပေါင်း ၉၅၉၂၃ မဲ(၈၁ ဒသမ ၆၉ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၆၂၂၅ ဦးအနက် ၄၈၅၃၅ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၄၇၁၆၇ မဲရရှိခဲ့သည်။၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ကြည်သိန်းက ဆန္ဒမဲပေါင်း ၁၉၆၆၇ မဲ(၄၁ ဒသမ ၇၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၆၀၈၆ ဦးအနက် ၄၆၆၆၉ ဦးတို့ လာရောက်ဆန္ဒမဲပေးကြကာ ခိုင်လုံသောဆန္ဒမဲ ၄၄၃၀၄ မဲရရှိခဲ့သည်။၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်က ဆန္ဒမဲပေါင်း ၂၁၇၉၄ မဲ(၄၉ ဒသမ ၁၉ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃၉၆၄ ဦးအနက် ၂၁၁၀၉ ဦးတို့ လာရောက်ဆန္ဒမဲပေးကြကာ ခိုင်လုံသောဆန္ဒမဲ ၁၇၇၅၈ မဲရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းဝင်းအေး(ခ) စိုင်းထွန်းအေးက ဆန္ဒမဲပေါင်း ၁၀၂၁၆ မဲ(၅၇ ဒသမ ၅၃ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသောဆန္ဒမဲ ၂၄၅၂၁ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းအောင်ကျော်က ဆန္ဒမဲပေါင်း ၁၈၈၈၂ မဲ(၇၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

### အမျိုးသားလွှတ်တော်

ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၈၀၂၇ ဦး အနက် ၂၁၁၂၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၀၆၇၄ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဘွဲ့ခိန်းက ဆန္ဒမဲပေါင်း ၉၂၄၂မဲ( ၄၄ ဒသမ ၇၀ ရာခိုင်နှုန်း)**ဖြင့် ရွေးချယ်ခံရသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၂၀၃၃၈ ဦး အနက် ၁၂၉၁၈၇ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၁၂၃၉၆၀ ရရှိခဲ့သည်။ ၎င်းတို့အနက် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်စန်းစန်း မြင့်က ဆန္ဒမဲပေါင်း ၇၁၀၄၂ မဲ( ၅၇ ဒသမ ၃၁ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄၃၆၀၀ အနက် ၉၃၂၇၉ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၉၂၁၆၁ မဲရရှိခဲ့သည်။ ၎င်းတို့ အနက် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာမောင်မောင်က ဆန္ဒမဲပေါင်း ၇၅၂၉၉ မဲ ( ၈၁ ဒသမ ၇၀ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

### ပြည်နယ်လွှတ်တော်

ကယားပြည်နယ် ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း သုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၅၇၀ အနက် ၆၇၁၀ တို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၆၂၈၆ မဲရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)မှ ဦးသဲရယ်က ဆန္ဒမဲပေါင်း ၃၃၅၁ မဲ(၅၃ ဒသမ ၃၁ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း သုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂၇၀၅ ဦး အနက် ၃၅၀၇၇ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသော ဆန္ဒမဲ ၃၃၆၄၀ မဲရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ဝင်းက ဆန္ဒမဲပေါင်း ၁၇၂၀၄ မဲ(၅၁ ဒသမ ၁၄ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၆၁၃၆ ဦးအနက် ၂၂၇၆၂ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၀၆၂၈ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးရှာမွေလရှိန်က ဆန္ဒမဲပေါင်း ၇၀၂၆ မဲ(၃၄ ဒသမ ၁၆ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄၀၀၈ ဦးအနက် ၁၀၇၆၅ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၈၂၁၆ မဲရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းလင်းမြတ်က ဆန္ဒမဲပေါင်း ၄၇၆၄ မဲ(၅၇ ဒသမ ၈၄ ရာခိုင်နှုန်း)**ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၉၉၅၆ ဦးအနက် ၁၀၃၄၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြပြီး ခိုင်လုံသောဆန္ဒမဲ ၈၆၀၅ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်နန်းကောင်ခမ်းက ဆန္ဒမဲပေါင်း ၅၇၅၃ မဲ(၆၆ ဒသမ ၈၆ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းလေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၃၄၀၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းစံမိုင်းက ဆန္ဒမဲပေါင်း ၁၁၅၄၂ မဲ(၈၆ ဒသမ ၁၀ ရာခိုင်နှုန်း)**ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၁၈၃၆ မဲ ရရှိခဲ့သည်။ ၎င်းတို့အနက် **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ညွန့်က ဆန္ဒမဲပေါင်း ၇၈၃၂ မဲ(၆၆ ဒသမ ၁၇ ရာခိုင်နှုန်း)** ဖြင့် ရွေးချယ်ခံရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကိုးနေရာ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် သုံးနေရာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်နေရာ စုစုပေါင်း နေရာ ၁၉ နေရာအတွက် နိုင်ငံရေးပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၉၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သူရဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

---

**❖ မောင်တောမှ**

၂၀၁၆ ခုနှစ် အောက်တိုဘာအကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက်ပိုင်း နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့သော်လည်း ဇန်နဝါရီလမှစတင်၍ လက်ရှိကာလအထိ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း မောင်တောကုန်သွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းကျော်က ပြောသည်။

"မောင်တောကုန်သွယ်ရေးစခန်းက ပို့ကုန်ကိုအဓိကထားတဲ့စခန်းဖြစ်ပါတယ်။ သွင်းကုန်ကတော့ အရင်ကတည်းကနည်းခဲ့တာပါ။ ကုန်သွယ်မှုအနေနဲ့ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပြီး အဓိကတင်ပို့တာကတော့ ငါးခြောက်၊ ပုစွန်၊ ငါးသလောက်၊ ဝါးတွေ အများဆုံး တင်ပို့ရပါတယ်။ သွင်းကုန်ကတော့နည်းပြီးဒန်ရေတကောင်းတို့၊ ဖိနပ်၊ အဝတ်အထည်တို့ လောက်ပဲတင်သွင်းမှုရှိတာပါ။ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကတော့ ပုံမှန်အခြေအနေအတိုင်းရှိနေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

မောင်တောကုန်သွယ်ရေးစခန်း၏၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် လျာထားသည့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈ သန်းဖြစ်ပြီး ဆောင်ရွက်နိုင်ခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၄၈ သန်းဖြစ်ကြောင်း၊ဆောင်ရွက်နိုင်မှု ၇၄ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယမန်နှစ်၏ ကုန်သွယ်မှုပမာဏမှာအမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၅ သန်းဖြစ်ခြင်းကြောင့် ယခင်ဘဏ္ဍာနှစ်ထက် သုညဒသမ ၅၁၃ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း မောင်တောကုန်သွယ်ရေး ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး)**

**○ အာရှ ယူ-၁၉ မှ**

ဒုတိယနေ့ပွဲများတွင် ဂျပန်အသင်းက မြန်မာအသင်းကို သုံးပွဲပြတ်၊ အီရန်အသင်းက တရုတ်(တိုင်ပေ)အသင်းကို သုံးပွဲပြတ်၊ ဩစတြေးလျအသင်းက ထိုင်းအသင်းကို သုံးပွဲ-တစ်ပွဲ၊တောင်ကိုရီးယားအသင်းက တရုတ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၁၅-၂၅ မှတ်၊ ၉-၂၅ မှတ်၊ ၁၆-၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကွာတားဖိုင်နယ်အတွက် အဆင့်သတ်မှတ်ရန်ကစားသည့် ဒုတိယအဆင့်အုပ်စုပွဲများတွင် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သောကြောင့် ကွာတားဖိုင်နယ်တွင် အုပ်စု (F) ၌ ပထမရရှိလာသည့် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲများကို မေ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် ဂျပန်နှင့် တရုတ်(တိုင်ပေ)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနှင့် အိမ်ရှင်မြန်မာ၊ ညနေ ၃ နာရီတွင် ထိုင်းနှင့် အီရန်၊ ညနေ ၅ နာရီခွဲတွင် တရုတ်နှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**✿ ကျောဖုံးမှ**

ရခိုင်အသင်းသည် အိမ်ကွင်းတွင် ချင်းအသင်းကို ဦးဆောင်ဂိုးပေးခဲ့ရသော်လည်း နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၃၄ မိနစ်တွင် ဆောင်လမန်က ချင်းယူနိုက်တက်အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို ထိန်းကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် ရခိုင်အသင်း နှစ်ဂိုးဆက်ရခဲ့ပြီး တိုက်စစ်မှူး ဆန်းဒေးမက်သယူးက ချေပဂိုး၊ ဒွေးကိုကိုချစ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းက ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၇၁ မိနစ်တွင် ဆန်းဒေးမက်သယူးက သွင်းယူခဲ့သည်။ ရခိုင်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အဆင့် ၅ နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် ရန်ကုန်အသင်းက ၂၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၂၂ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံက ၂၁ မှတ်၊ ဧရာဝတီက ၁၅ မှတ်၊ ရခိုင်က ၁၄ မှတ်၊ မကွေးနှင့် ဇွဲကပင်တို့က ၁၃ မှတ်စီ၊ နေပြည်တော်က ကိုးမှတ်၊ ဟံသာဝတီက ရှစ်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်တို့က ခုနစ်မှတ်စီ၊ GFA အသင်းက ခြောက်မှတ် ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသူများ၏ စကားသံများ

ဆက်သွယ်မေးမြန်း- မင်းသစ်၊ ဇော်ကြီး၊ နန္ဒာဝင်းနှင့် သတင်းအဖွဲ့

မေ ၁ ရက်တွင် ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ သိရှိနိုင်ရန် ဆက်သွယ်မေးမြန်းထားပါသည်-

**ဦးညွန့်အောင်**
**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျွန်တော့်အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီမုံရွာမြို့နယ်မှာရှိတဲ့ ပြည်သူပြည်သားတွေရဲ့ ရပိုင်မှုတွေ တောင်းဆိုပေးနိုင်တော့မယ်။ နိုင်ငံသားအခွင့်အရေးတွေကို ကာကွယ်ပေးနိုင်တော့မှာ ဖြစ်တဲ့အတွက် စိတ်လည်းချမ်းသာမိပါတယ်။

**ဦးအောင်ကြည်သိန်း**
**မွန်ပြည်နယ် ချောင်းဆုံမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

ကျွန်တော် အာမခံထားတာရှိပါတယ်။ တောင်သူလယ်သမားကိစ္စတွေ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ကိစ္စတွေ ပြောထားတာရှိပါတယ်။ ဒါတွေကို ရှေ့ဆက်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ချောင်းဆုံဒေသဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်သွားပါမယ်။ မဲပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကိုလည်း ကျွန်တော်ကတိကဝတ်ခံထားတဲ့အတိုင်း တတ်နိုင်သလောက် ဆောင်ရွက်ပေးသွားပါမယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးရအောင် ပါတီဘက်ကပဲဖြစ်ဖြစ် ဘယ်နေရာ



ဦးနေကျော်

ကပဲဖြစ်ဖြစ် တတ်နိုင်တဲ့ဘက်ကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်သွားပါမယ်။

**ဒေါက်တာအေးမောင်**
**ရခိုင်ပြည်နယ် အမ်းမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရခိုင်အမျိုးသားပါတီ**

လွှတ်တော်အမတ်တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့်တွေရှိပါတယ်။ အဲဒီလုပ်ပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့်အတိုင်း ဆောင်ရွက်ပေးရမှာပါ။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး အရင်အစိုးရလက်ထက်မှာ တွေ့ဆုံဆွေးနွေးပြီး လွှတ်တော်အတွင်းမှာ ဆောင်ရွက်ခဲ့ကြတာရှိပါတယ်။ အဲဒီဖြစ်စဉ်အပေါ်မှာ လက်ရှိအစိုးရဘက်က ဘယ်လိုသဘောထားရှိတယ်ဆိုတာ ပြဖို့လိုပြီ။ ပြီးခဲ့တဲ့လွှတ်တော်မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဖွဲ့စည်းပုံပြင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ကြွေးကြော်ခဲ့



ဦးညွန့်အောင်

တယ်။ အခု ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကြည့်ရမယ်။ ရခိုင်ဒေသလုံခြုံရေးနဲ့ပတ်သက်လို့ အထူးသဖြင့် ဘူးသီးတောင်၊ မောင်တော နယ်စပ်ဒေသလုံခြုံရေးနဲ့ပတ်သက်တဲ့ အစီအမံတွေကို ထဲထဲဝင်ဝင် မေးမြန်းသွားဖို့ရှိပါတယ်။ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေမှု မညီမျှမှုကို ညီမျှအောင် တိုင်းရင်းသားဒေသတွေကို ရပိုင်ခွင့်တစ်ခုအနေနဲ့ ထောက်ပြသွားဖို့ရှိပါတယ်။ ဒေသဖွံ့ဖြိုးမှုကဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တော့ ကြိုးကြိုးစားစား ရပ်တည်ဆောင်ရွက်သွားဖို့ရည်ရွယ်ထားတာရှိ ပါတယ်။



ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး

**ဦးမြစိန်**
**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော်မှာ ဥပဒေရေးရာနဲ့ပတ်သက်လို့ ဆွေးနွေးမယ်၊ အကြံပြုမယ်၊ တင်သင့်တာတွေကို တင်သွင်းမယ်၊ ဥပဒေတွေမှာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနဲ့ လိုက်လျောညီထွေတဲ့ ပြည်တွင်းဥပဒေတွေ ရေးဆွဲရပါမယ်။ ကျွန်တော့်မြို့နယ်ပိုင်းအနေနဲ့ကတော့ မြေလွတ်မြေရိုင်း များတဲ့အတွက် မြေပြဿနာလေးတွေ များပါတယ်။ အဲဒါတွေအတွက် မြေကြီး၊ မြေပုံ၊ မြေရာဇဝင်တွေကို စနစ်တကျ ကောက်ယူစုဆောင်းထားချင်ပါတယ်။ ဥပဒေတွဲ့မရသေးတဲ့ လူငယ်ပညာတတ်တွေကို သင်တန်းလေးတွေ ဖွင့်ပေးချင်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒကို ကျွန်တော့်အနေနဲ့ နိုင်သလောက် မေတ္တာထားပြီး လုပ်ဆောင်



ဦးအောင်ကြည်သိန်း

ပေးသွားမှာပါ။

**ဦးနေကျော်**
**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ပါတီရဲ့ဦးတည်ချက်အတိုင်း တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရေးဆိုတဲ့ ဦးတည်ချက်တွေကို အဓိကထား လုပ်ဆောင်သွားပါမယ်။ ဒါအပြင် ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းအတိုင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ အလုပ်အကိုင် အခွင့်



ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး

အလမ်းတွေကို ပါတီရဲ့မူဝါဒအတိုင်း အကောင်အထည်ဖော်လုပ်ဆောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ ဒေသရဲ့အကျိုး၊ ဒေသခံတွေရဲ့ လိုအပ်ချက်၊ လိုအင်ဆန္ဒ၊ အခက်အခဲ ပြဿနာတွေ အားလုံးကို ဆောင်ရွက်ပေးသွားပါမယ်။ တချို့အချက်အလက်တွေကို ရှာဖွေထားပြီးဖြစ်ပါတယ်။ အဲဒီလို လုပ်ထားတဲ့အပေါ်မှာ ပြည်သူ့လွှတ်တော်ကို တက်ရောက်ခွင့်ရပြီဆိုတာနဲ့ တက်ရောက်ခွင့်ရတဲ့ အခြေအနေ အချိန်အခါနဲ့ ကိုက်ညီပြီး အရေးကြီး၊ အရေးပါတဲ့ အရာတွေကို အဓိကထားတင်ပြဆွေးနွေး၊ အဆိုပြုတာမျိုးတွေ အကောင်းဆုံးလုပ်ဆောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်တော့်ကို အစေခံကောင်းတစ်ယောက်အနေနဲ့ခိုင်းဖို့ သတ်မှတ်ရွေးချယ်ပေးလိုက်ပါပြီ။ ဒါကြောင့် သူတို့ရဲ့လိုအပ်ချက်တွေ၊ ဆန္ဒတွေကို အကောင်းဆုံး လုပ်ဆောင်ပေးသွားပါ့မယ်။ အစေခံကောင်းတစ်ယောက်ဖြစ်အောင် လုပ်ဆောင်ပေးသွားမှာပါ။



ဒေါက်တာအေးမောင်

**ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး**
**ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကော့မှူးဒေသရဲ့ အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် နေထိုင်တဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ ခေတ်မီလယ်ယာတွေ ဖြစ်စေချင်တာ ကျွန်တော့်ရဲ့ အဓိကအိပ်မက်ပါ။ အခုက တစ်နှစ်မှ တစ်ကြိမ်ပဲ လုပ်ကိုင်ကြတာဖြစ်ပါတယ်။ အနည်းစုကသာ နွေစပါး၊ မိုးစပါး



ဦးဘွဲ့ခိန်း

တစ်နှစ်ကို နှစ်ကြိမ်လုပ်ကြတာပါ။ နည်းပညာတွေ လိုအပ်နေပါတယ်။ နောက်ပြီး ကျွန်တော်တို့ဆီက ချောင်း၊ မြောင်းတွေကို ကောင်းမွန်အောင် ပြန်လည်ပြုပြင်ချင်ပါတယ်။ လက်ရှိတာဝန်ယူနေတဲ့ ကိုယ်စားလှယ်တွေကလည်း ဒါတွေကို အကောင်အထည်ဖော်နေပါတယ်။ ကျွန်တော်ကလည်း သူတို့နဲ့အတူ ပူးပေါင်းပြီး လယ်သမားတွေအတွက် နှစ်သီးစားရနိုင်ဖို့ လယ်ယာချောင်း၊ မြောင်းတွေ ပြန်လည်တူးဖော်နိုင်ဖို့တွေအပြင် ရေငန်အဝင်များနေတာတွေကို ပြုပြင်ချင်တာတွေလည်း ရှိပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်က ပြည်သူတွေက ကျွန်တော့်ကို တာဝန်ပေးလိုက်ပြီ။ မဲဆန္ဒရှင်တွေဘက်ကတော့ တာဝန်ကျေသွားပြီ။ မဲဆန္ဒရှင် ပြည်သူတွေ အဆင်ပြေပျော်ရွှင်နိုင်အောင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီမယ့် တာဝန်ဝတ္တရားတွေကို ကျေကျေပွန်ပွန် လုပ်ဆောင်သွားမယ်လို့ ပြောချင်ပါတယ်။



ဦးမြစိန်

**ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး**
**ရှမ်းပြည်နယ် မိုင်းရှူးမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

မဲဆန္ဒရှင်ပြည်သူလူထုရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားပါမယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အခက်အခဲ၊ အတားအဆီး၊ အဟန့်အတားတွေကို လွှတ်တော်ထဲမှာ တင်ပြဆွေးနွေးသွားမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တာဝန်စတင်ထမ်းဆောင်တဲ့နေ့ကစပြီး ပြည်သူလူထု အကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်သွားမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အဓိကတာဝန်က လွှတ်တော်ထဲ ရောက်သွားတဲ့အခါ ဥပဒေပြဋ္ဌာန်းတဲ့ အလုပ်ကိုလုပ်ကြတယ်။ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ့်ကိစ္စတွေကို လွှတ်တော်မှာတင်ပြမယ်။ ပယ်ဖျက်သင့်တာတွေကိုလည်း ပယ်ဖျက်မယ့် တာဝန်တွေကို ထမ်းဆောင်သွားမယ်။

ကျွန်တော့်မဲဆန္ဒနယ်မှာဆိုရင် စစ်ပွဲတွေမကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ နေရာဒေသဖြစ်တယ်။ နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လွှတ်တော်ပိုင်းကနေပြီးတော့ မိမိကျရာတာဝန်ကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အကျိုးသက်ရောက်မှုဟာ ဒီမဲဆန္ဒနယ်မှာ လက်တွေ့ကျကျ အကျိုးသက်ရောက်နိုင်ဖို့ ကြိုးစားသွားပါမယ်။

**ဦးဘွဲ့ခိန်း**
**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ရွေးကောက်ခံရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ပြည်နယ်ကောင်းကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။ မဲဆန္ဒရှင်များက အားတက်သရော လှိုက်လှိုက်လှဲလှဲ မဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူလူထုရဲ့ အမှန်တကယ်လိုအပ်ချက်တွေ၊ တင်ပြချက်တွေကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားပါမယ်။ နယ်မြေဒေသ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ စားဝတ်နေရေး ဖူလုံရေးအတွက် လည်းကောင်း၊ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေးအစစအရာရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ကျွန်တော့်အနေနဲ့ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် ဆောင်ရွက်ပါမယ်လို့ ပြောလိုပါတယ်။

စာမျက်နှာ ၉ သို့»»»

## မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(မန္တလေးတိုင်းဒေသကြီး) စာစစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မုံရွာတက္ကသိုလ်သို့ရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စစ်ကိုင်းတိုင်းဒေသကြီး) စာစစ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည်။

မန္တလေးတက္ကသိုလ်၌ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ စုစုပေါင်း ၁၁၂၆ ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၂၅၉၈ ဦးတို့က လည်းကောင်း၊ မုံရွာတက္ကသိုလ်၌ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြဆရာ ဆရာမ စုစုပေါင်း ၅၅၂ ဦးနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၂၃၈၉ ဦးတို့က လည်းကောင်း စာစစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်၌ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာရှင်းလင်းခြင်း ကျင်းပ

**စစ်တွေ ဧပြီ ၂**

မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနားကို စစ်တွေမြို့ ခိုင်သဇင်ခန်းမတွင် ဧပြီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းဝေက မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာများကို Power Point ဖြင့် အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြချက်များအပေါ် သိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုခြင်းများဖြင့် ဆွေးနွေးခဲ့ကြသည်။



အဆိုပါရှင်းလင်းပွဲသို့ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ရခိုင်ပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(မြန်/ဆက်)**

»»» စာမျက်နှာ ၈ မှ

**ဒေါ်စန်းစန်းမြင့်**
**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျွန်မအနေနဲ့ အထူးသဖြင့်တော့ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုတွေ၊ အမျိုးသမီးတွေ အကြမ်းဖက်ခံခဲ့ရတာတွေကို အဓိကထားပြီးတော့ ဆောင်ရွက်ပေးချင်တဲ့ဆန္ဒရှိပါတယ်။ ကျွန်မက ဥပဒေပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ပြည်သူကိုအကျိုးပြုစေမယ့် ဥပဒေတွေ၊ နောက် ပြည်သူကိုအကျိုးမပြုတဲ့ ဥပဒေတွေကိုလည်း ကိုယ်ရဲ့ရှေ့မှာ ရောက်ရှိနေပြီဖြစ်တဲ့ ဥပဒေရေးရာကော်မတီက လူကြီးများနဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်ပေးချင်တဲ့ဆန္ဒလည်းရှိပါတယ်။ ကိုယ်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ညောင်လေးပင်နဲ့ ကျောက်တံခါးတင်မဟုတ်ဘဲ မဲဆန္ဒရှင်ပြည်သူတွေအားလုံးအတွက်ရော၊ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် ဆောင်ရွက်ချက်တွေကို အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးဖို့ ဆန္ဒရှိပါတယ်။

**ဒေါက်တာမောင်မောင်**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျွန်တော်တို့ရဲ့ ခေါင်းဆောင်၊ လူထုခေါင်းဆောင် ကြိုးစားလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကဏ္ဍတစ်ခုကနေ ပါဝင်ပြီးလုပ်ဆောင်ချင်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ နိုင်ငံတော်နဲ့ ပြည်သူ့ဘဝကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်လို့မရပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ကဏ္ဍတစ်ခုမှာ ပါဝင်ချင်တာပါ။ ရှေ့ဆက်လုပ်ဆောင်သွားမယ့်လုပ်ငန်းစဉ်အနေနဲ့ အမျိုးသားလွှတ်တော်က ပေးအပ်တဲ့တာဝန်တွေအပြင် ပြည်သူတွေအတွက် အကျိုးရှိတဲ့ ဥပဒေပြုရေးကိစ္စတွေမှာ အားတက်သရော လုပ်ဆောင်သွားမှာပါ။ အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ ပြည်သူတွေရဲ့ ယုံကြည်မှုကို ရရှိလိုက်တာပါပဲ။ ပြည်သူ့အကျိုးအတွက် လိုအပ်သလိုတာဝန်တွေကို ထမ်းဆောင်သွားမှာပါ။

**ဦးသဲရယ်**
**ကယားပြည်နယ် ဖရူဆို မဲဆန္ဒနယ်(၁)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)**

ပြည်နယ်မှာရော၊ မဲဆန္ဒနယ်အတွင်းမှာရော ပြည်သူတွေလိုအပ်ချက်ကို တတ်နိုင်သလောက် လုပ်သွားမယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ ကိုယ်တိုင်သိရလို့ ကျေးဇူးတင်တယ်။ ပြည်သူ



ဒေါက်တာမောင်မောင်



ဦးသဲရယ်



စိုင်းစံမိုင်း



စိုင်းလင်းမြတ်

လူထုယုံကြည်တဲ့အတိုင်း၊ ထောက်ခံတဲ့အတိုင်း ဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်သွားမယ်။ လွှတ်တော်ထဲမှာ လုပ်ပိုင်ခွင့်ရှိသလောက် ကြိုးစားပြီး လုပ်သွားမယ်။ ကယားပြည်နယ်မှာလည်း ငြိမ်းချမ်းရေးက အရေးကြီးတဲ့အပိုင်းရှိနေတယ်။ (၂၁)ရာစုပင်လုံမှာလည်း ကိုယ့်ရဲ့ပြည်နယ်အရေးကို တတ်နိုင်တဲ့ဘက်က ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိအစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားမှာ တတ်နိုင်သလောက် ငြိမ်းချမ်းရေးဖြစ်မြောက်အောင် ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။

**စိုင်းစံမိုင်း**
**ရှမ်းပြည်နယ် ကျေးသီးမဲဆန္ဒနယ်အမှတ်(၁)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျေးသီးမြို့နယ်မှာ ပညာတတ် အလွန်နည်းပါးပါတယ်။ ဒါကြောင့် ပညာတတ်တွေများလာအောင် ဖြည့်ဆည်းပေးချင်ပါတယ်။ အခုလို ပြည်သူတွေက ယုံယုံကြည်ကြည်နဲ့ ရွေးချယ်ပေးခဲ့တာဖြစ်လို့ ပြည်သူတွေဖြစ်ချင်တဲ့ဆန္ဒကို ကြိုးစားဖြည့်ဆည်းပေးပြီး ကျေးဇူးဆပ်သွားမှာဖြစ်ပါတယ်။ လွှတ်တော်အတွင်းရောက်သွားရင် ကျွန်တော်တို့မြို့နယ်ရဲ့လိုအပ်ချက်တွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**စိုင်းလင်းမြတ်**
**ရှမ်းပြည်နယ် မိုင်းရှူးမဲဆန္ဒနယ်(၁)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ကျွန်တော်တို့ဒေသက ကျန်းမာရေး၊ ပညာရေးအပိုင်းမှာ နိမ့်ကျနေတာတွေ ရှိပါတယ်။ ဒါတွေကို အဓိကထားပြီး လုပ်သွားပါမယ်။ ပြည်သူဘက်ကရပ်တည်ပြီး အလုပ်လုပ်သွားမယ်။ ပြည်သူ့လိုအပ်ချက်ကို လွှတ်တော်ထဲရောက်အောင်ပို့မယ်။ ပြည်သူ့အသံကိုနားထောင်မယ်။ ပြည်သူ့လိုအပ်ချက်ကို တတ်စွမ်းသမျှဖြည့်ဆည်းပေးမယ်။ အဓိကရည်မှန်းချက်က တန်းတူညီမျှ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးပါ။ အဲဒါ ပါတီရဲ့ပန်းတိုင်လို့ ပြောလို့ရသလို ကျွန်တော့်ရဲ့ ပန်းတိုင်လည်း ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း**
**ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ် (၂)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒေသအကျိုးဖြစ်ထွန်းစေမယ့်အရာတွေ၊ ဖွံ့ဖြိုးတိုးတက်စေမယ့်အရာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုနဲ့ လက်တွဲပြီး အဘက်ဘက်က ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ရင်ထဲကစကားကို အဓိကထားပြီး ပြည်သူနဲ့ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးရှာမွေလရှုန်**
**ရှမ်းပြည်နယ် ကျိုင်းတုံမဲဆန္ဒနယ်(၂)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

ကျွန်တော်က ၂၀၀၀ ခုနှစ်ကစပြီး လက်ထောက်မြို့နယ်ပညာရေးမှူး လုပ်ခဲ့ပါတယ်။ နောက်ပိုင်း ၂၀၁၀ ခုနှစ်မှာ ပြည်နယ်လားဟူတိုင်းရင်းသားရေးရာဝန်ကြီး လုပ်ခဲ့တယ်။ နှစ်ခါလုပ်ပြီးပါပြီ။ လုပ်တဲ့အချိန်မှာ ကျွန်တော်မလုပ်နိုင်ခဲ့တာတွေ အများကြီး ကျန်ခဲ့ပါတယ်။ ကျွန်တော်ဆက်ပြီး လုပ်ချင်တာတွေရှိပါတယ်။ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ မဲဆန္ဒရှင်တွေနဲ့ ပြည်သူလူထုအတွက် အများကြီးလုပ်ဖို့ရှိပါသေးတယ်။ အဲဒါကို ဆက်လုပ်ချင်သေးလို့ ဒီရွေးကောက်ပွဲဝင်တာ



ဒေါ်နန်းကောင်ခမ်း



ဦးခင်မောင်ဝင်း

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝမြှင့်တင်ရေးအတွက် အစွမ်းကုန်ကြိုးစားပြီး လုပ်ဆောင်သွားပါမယ်။ အဲဒါကို အမြဲတမ်းဆန္ဒရှိနေပါတယ်။

**ဦးခင်မောင်ဝင်း**
**ရှမ်းပြည်နယ် ညောင်ရွှေမဲဆန္ဒနယ်(၁)**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

ပြည်သူလူထုအားလုံး လိုအပ်နေတဲ့ လမ်း၊ မီး၊ တံတား၊ သောက်သုံးရေရရှိရေး လုပ်ဆောင်မှာဖြစ်ပါတယ်။ အဓိကအနေနဲ့ လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် အစိုးရအနေနဲ့ ဂျာမနီနိုင်ငံချေးငွေနဲ့ နေရာပေါင်း ၁၆၇ နေရာကို လျှပ်စစ်မီးရရှိရေး လုပ်ဆောင်ပေးနေပြီဖြစ်ပါတယ်။ လမ်းတွေ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူတွေက လိုလားတောင်းဆိုနေကြတဲ့အတွက် လွှတ်တော်မှာ လမ်းအတွက် ဘတ်ဂျက်ချထားပေးခြင်း ရှိ၊ မရှိ မေးမြန်းသွားပါမယ်။ အင်းရေပြင် အမှိုက်ကင်းစင်ရေးအတွက် အမှိုက်မီးရှို့စက်တည်ဆောက်ဖို့ မြေနေရာ ၁၀ ဧကကို နန်းပန်ကျေးရွာမှာ ဝယ်ယူထားပြီးဖြစ်တယ်လို့ သိရပါတယ်။ အင်းရေပြင် ကြည်လင်သန့်ရှင်းရေးအတွက် ပြည်သူတွေလည်း ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။ အမှိုက်ကို စနစ်တကျစွန့်ပစ်ဖို့အတွက် စနစ်တစ်ခုကို ထူထောင်ဖို့လိုအပ်နေပြီလို့ ထင်မြင်ယူဆမိပါတယ်။

ပထမဆုံး လုပ်ဆောင်ရမှာကတော့ ဒေသတွင်းလိုအပ်ချက်တွေကို ပြည်နယ်လွှတ်တော်မှာ အဆိုတွေတင်မယ်၊ မေးခွန်းတွေ မေးမြန်းမယ်။ ပြည်ထောင်စုအဆင့်မှာတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ ရည်မှန်းထားပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းတွေရှိသလို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေလည်းရှိပါတယ်။ အဖွဲ့အစည်းတွေ အများကြီးရှိနေပေမယ့် တစ်ယောက်တစ်မျိုး လုပ်ဆောင်နေမယ့်အစား အားလုံးပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မယ်လို့ထင်ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းပါဝင်ပြီး လုပ်ဆောင်သွားဖို့ရှိပါတယ်။

# မန္တလေးမှ မြစ်ကြီးနားသို့ ပြေးဆွဲသောရထားများအား မေ ၅ ရက်မှစ၍ အချိန်ပြောင်းလဲပြေးဆွဲမည်

**မန္တလေး မေ ၂**

မန္တလေးမှမြစ်ကြီးနားသို့ပြေးဆွဲလျက်ရှိသောရထားများ၏ ခရီးစဉ်အချိန်များကို မေ ၅ ရက်မှစ၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း မန္တလေးဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ခရီးသွားတွေ ကြိုတင်သိရှိနိုင်ဖို့ မေ ၁ ရက်ကစပြီး အသိပေးကြေညာထားပါတယ်။ သုံးရက်ကြိုဝယ်ရတဲ့ အထူးတန်းလက်မှတ်တွေကိုလည်း မေ ၂ ရက်ကစပြီး ပြောင်းလဲထားတဲ့အချိန်အတိုင်း ရောင်းချပေးသွားမှာပါ။ အဓိကရည်ရွယ်ချက်ကတော့ ခရီးသွားတွေ အဆင်ပြေပြေ သွားလာနိုင်မယ့်အချိန်တွေကိုရွေးပြီး ပြောင်းလဲပြေးဆွဲပေးတာပါ"ဟု ၎င်းက ဆက်ပြောသည်။

မန္တလေးဘူတာကြီးမှပြောင်းလဲပြေးဆွဲမည့် ရထားခရီးစဉ်အချိန်များအနေဖြင့် အမှတ် (၅၇) အဆန်ရထားကို နံနက် ၉ နာရီတွင်လည်းကောင်း၊ (၃၇) အဆန်ရထားကို နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ (၅၅) အဆန် ရထားကို ညနေ ၄ နာရီတွင်လည်းကောင်း၊ (၄၁) အဆန် ရထားကို ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။



အဆိုပါပြောင်းလဲပြေးဆွဲမည့် ရထားများသည် မြစ်ကြီးနားဘူတာသို့ အမှတ် (၅၇) အဆန်ရထားသည် နံနက် ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ (၃၇) အဆန် ရထားသည် နံနက် ၆ နာရီခွဲတွင်လည်းကောင်း၊ (၅၅) အဆန်ရထားသည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်း ကောင်း၊ (၄၁) အဆန်ရထားသည် ည ၈ နာရီ ၂၅ မိနစ်တွင် လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင် မြစ်ကြီးနားဘူတာမှ မန္တလေးသို့ထွက်ခွာမည့် ရထားများ၏အချိန်ကိုလည်း ပြောင်းလဲပြေးဆွဲမည်ဖြစ်ရာ အမှတ်(၅၈) အစုန်ရထားသည် မြစ်ကြီးနားဘူတာမှ ညနေ ၄ နာရီတွင်ထွက်ခွာ၍ မန္တလေးသို့ မွန်းလွဲ ၁ နာရီခွဲ တွင်လည်းကောင်း၊ အမှတ် (၃၈) အစုန်ရထားသည် မြစ်ကြီးနားမှ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၅၆) အစုန်ရထားသည် မြစ်ကြီးနားမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍မန္တလေးသို့ နံနက် ၃ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အမှတ် (၄၂) အစုန်ရထားသည် မြစ်ကြီးနားမြို့မှ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။

"အခုလိုပြောင်းလဲပြေးဆွဲတဲ့ရထားအချိန်တွေအရ ဆိုရင် လုပ်ငန်းတာဝန်နဲ့ သွားလာနေသူတွေအတွက် အဆင်ပြေသွားတာပေါ့။ ဒါ့အပြင် နေ့ဘက်မှာ ရောက်တဲ့ အတွက်လည်း သွားလာရေးစရိတ်တွေ သက်သာတဲ့အပြင် အန္တရာယ်လည်း ကင်းပါတယ်"ဟု မန္တလေးမှ မြစ်ကြီးနား သို့ သွားလာနေသူ ဦးဝင်းမြင့်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နွေရာသီကျောင်းပိတ်ရက် အခြေခံအားကစား သင်တန်းများ ကလေးများစိတ်ဝင်စား

**ပုသိမ် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်နှင့် ပုသိမ်မြို့နယ် အတွင်းရှိ အသက် ရှစ်နှစ်မှ အသက် (၁၁) နှစ်အတွင်း ကလေးငယ်များအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၁၇ နွေရာသီအားလပ်ရက် အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ မတ် ၃၁ ရက် နံနက်ပိုင်းက သင်တန်းဆင်းပွဲကို ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းနှင့် ဦးအောင်သူထွေးတို့က သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် အားကစားနည်း ၂၂ မျိုး အနက်မှ အေရိုးဗစ်၊ ရေကူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဘောလုံးအဖွဲ့တို့မှ သင်တန်းသား၊ သင်တန်းသူများက သရုပ်ပြတင်ဆက်ခဲ့ကြသည်။ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ က အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူ များအား သင်တန်းဆင်းလက်မှတ်နှင့် အမှတ်တရ အကျီများပေးအပ်ကာ သင်တန်းတွင် ထူးချွန်ဆုရရှိသည့် အားကစားသမားများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန် (ပြန်/ဆက်)**

# ဒလမြို့နယ်၌ နွေရာသီတွင် သောက်သုံးရေရှားပါးမှုမဖြစ်စေရေး ရေလှူဒါန်းမှုများ ပိုမိုပြုလုပ်နိုင်ရန်စီစဉ်

**ဒလ မေ ၂**

ဒလမြို့နယ်၌ ယခုနွေရာသီတွင် အပူချိန်ပိုမိုမြင့်မား လာသည့်အတွက် သောက်သုံးရေသုံးစွဲမှုမှာ ပိုမိုခက်ခဲလာနိုင်ကြောင်း၊ ယခင်နှစ်ကထက် သောက်သုံးရေလှူဒါန်းမှု ပိုမိုဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သောက်သုံးရေလှူဒါန်းမှုပြုနေ သည့် ကမာကဆစ်(အနောက်)ဘုန်းတော်ကြီး ကျောင်းမှ ဆရာတော် ဦးပညာသာရက ပြောသည်။

ဒလမြို့နယ်သည် နှစ်စဉ်နွေရာသီရောက် တိုင်း သောက်သုံးရေရှားပါးမှုပြဿနာမှာ တွေ့ကြုံ နေရမြဲဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူ များက ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား ကြောင်းသိရသည်။ သောက်သုံးရေရှားပါးမှု အခက်အခဲကိုအဆင်ပြေစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်သည့်အနေဖြင့် ကန်သစ်များ တူးဖော် ပေးခြင်း၊ ကန်ဟောင်းများ ချဲ့ထွင်တူးဖော်ပေး ခြင်း၊ ရေစုတွင်းရေလှောင်ကန်များ ပြုလုပ်ပေးခြင်း၊ သောက်သုံးရေကန်များကို ရေခပ်ချိန်ကန့်သတ်ပေး ခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

"ဒလမြို့နယ် သောက်သုံးရေရှားပါးမှုက တော့ တွေ့ကြုံနေကျပါ။ သက်ဆိုင်ရာက ကြိုတင် ဆောင်ရွက်ပေးထားမှုတွေရှိပေမယ့် လိုအပ်ချက် ကတော့ ရှိနေဦးမှာပါ" ဟု ရာဇသင်္ကြန် ရပ်ကွက်နေ ဦးဝင်းက ပြောသည်။ ဆရာတော် ဦးပညာသာရက ယခုနှစ်တွင် ရေပိုမိုလှူဒါန်းနိုင်ရေးအတွက် အဆိုတော် သားစိုး On Line အဖွဲ့၊ မြို့နယ် ကြက်ခြေနီအသင်း၊ မိဘမေတ္တာ ဆရာတော် (ရွှေပြည်သာ)တို့နှင့် ချိတ်ဆက်ထားကြောင်း၊ ရေလှူဒါန်းလိုသူများ၊ ရေအခက်အခဲကြုံတွေ့နေရ သူများအနေဖြင့် ဖုန်း ၀၉-၄၅၀၁၂၇၇၀၀၊ ၀၉-၄၂၀၃၀၅၃၈၈တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ပြီးခဲ့သည့်နွေရာသီတွင် ရေဂါလန် ၂၀၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း ပြောသည်။ **(ထင်ကျော်ဟိန်း)**



**သင်္ကြန်အကြိုကာလ မှုခင်းအသိပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၅)ရပ်ကွက် ညီမူရာမမ္မာရုံ၌ မတ် ၂၆ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမော်က သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရန်အတွက် ပြည်သူများ လိုက်နာသင့်သည့် အချက်များကို ရှင်းလင်းဟောပြောစဉ်။ (ကြေးမုံ)**

# စိတ်ပညာပိုင်းဆိုင်ရာ ပြည်သူ့ဆက်ဆံရေး အကြောင်းဟောပြောမည်

**ရန်ကုန် မေ ၂**

ပြည်သူ့ဆက်ဆံရေးအကြောင်းအရာကို အောင်မြင်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံစိတ်ပညာ အသင်းမှ ဆရာချစ်နိုင်(စိတ်ပညာ) က Applied Psychology For The Public Relations ခေါင်းစဉ်ဖြင့် မေ ၈ ရက်(စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၂၁) (၉)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စိတ်ပညာအသင်းရုံးခန်း၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ စိတ်ပညာ အသင်းရုံးခန်း ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရေတာရှည်မြို့နယ် သာဂရမြို့ ကန်သာယာကျေးရွာသို့ ရေလှူဒါန်း

**နေပြည်တော် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ ကန်သာယာကျေးရွာရှိ အိမ်ထောင်စု ၂၁၀ အား အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲချုပ်တင်ကိုကို၏အစီအစဉ်ဖြင့် အမှတ်(၁)၊ (၁၁)၊ (၁၇)၊ (၁၉)တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိ၊ အခြားအဆင့်မိသားစုများက သောက်ရေသန့်ဘူး ၄၅၀ နှင့် ရေဂါလန် ၄၀၀၀ လှူဒါန်းကြပြီး ကန်သာယာဘုန်းကြီးကျောင်းရှိ သံဃာအပါး ၃၀ တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်

**မိုးမိတ် မေ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းကို မိုးမိတ်မြို့နယ် အထက်မန်ကျည်းပင်ကျေးရွာ၌ မတ်လ နောက်ဆုံးပတ်ကပြုလုပ်ရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မြတ်မွန်က သင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်က ကျေးရွာများတွင် စံပြကွက်များ ဆောင်ရွက်ရခြင်း အကြောင်း၊ စိုက်နည်းစနစ်များအကြောင်း၊ မျိုးကောင်းမျိုးသန့်များရွေး ချယ် စိုက်ပျိုးရေး၊ မြေဆီလွှာဆိုင်ရာပြဿနာများနှင့် ဖြေရှင်းနည်းများနှင့် လယ်ယာ ကဏ္ဍစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခရိုင်မြေ/မျိုးတာဝန်ခံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ စိုက်ပျိုးရေးပညာရှင်များက ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူအသိပညာပေးလက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်၌ စားသုံးသူရေးရာ အသိပညာပေးဟောပြော

**လေးမျက်နှာ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် စားသုံးသူရေးရာအသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က ချင်းလယ်ကျေးရွာအုပ်စု စပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းအောင်က မီးဖိုချောင်သုံး စားသောက်ကုန်များ ဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ အသား၊ ငါး၊ အချိုမှုန့်နှင့်ဆီများဝယ်ယူ၍ ချက်ပြုတ်စားသောက်ရာတွင် စားသောက်ကုန်များ၌ပါဝင်သော ဆိုးဆေးနှင့် ဓာတုဆေးဝါးများ၏ အန္တရာယ်ကို သိရှိပြီး အန္တရာယ်ကင်းသောစားသောက်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တရားဝင်မှတ်ပုံတင်ထားသော အစားအသောက်နှင့် သတ်မှတ်သက်တမ်းကာလရှိသော အစားအသောက်များကိုသာ ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိစွာဖြင့် ဝယ်ယူသုံးစွဲရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘုရင့်နောင်ပွဲရုံတွင်းယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန်နှုန်းထားများ ပြောင်းလဲကောက်ခံမည့်အပေါ် စိုးရိမ်

**ရန်ကုန် ဧပြီ ၂**

ဧပြီ ၁ ရက်မှစ၍ ဘုရင့်နောင်ပွဲရုံအတွင်း ယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန်နှုန်းထားများ ပြောင်းလဲနိုင်သည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ညအိပ်ခွန်တစ်မျိုးတည်းသာ တိုးမြှင့်ကောက်ခံမှုရှိသည်ဟု သိရသည်။ သို့သော် ထုတ်ပြန်ချက်တွင် ယာဉ်ရပ်နားခဟု ဖော်ပြထားသည်။

ယခင် ယာဉ်တန်ချိန်အလိုက် ကျပ် ၃၀၀ မှ ၁၀၀၀ အတွင်းရှိသော်လည်း ယခုထုတ်ပြန်ချက်အသစ်တွင် ကျပ် ၁၀၀၀ မှ ၂၀၀၀ ဟုသိရသည်။ ပွဲရုံဝင်းအတွင်း ယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန်သာ ကောက်ခံခြင်းသာရှိသည်။ ယာဉ်ရပ်နားခကောက်ခံမှု မရှိပါ။ ထုတ်ပြန်စာတွင် ယာဉ်ရပ်နားခဟု ဖော်ပြခြင်းမှာ ညအိပ်ခွန်ကို ရည်ညွှန်းခြင်းဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောဆို သည်။ ယင်းသို့ဖြစ်ပါက ညအိပ်ခွန်နှုန်းထား တစ်ဆဝန်းကျင်မြင့်တက်လာသည်ဟု ဆိုနိုင်သည်။

ယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန်ကောက်ခံရေး လေလံကျင်းပခဲ့ရာ နှစ်ကြိမ်တိုင်တိုင် လေလံမအောင်မြင်ဟုသိရသည်။ ထပ်မံ၍သင်္ကြန်ပိတ်ရက်အလွန် ရုံးဖွင့်ရက်များတွင် ပြန်လည်လေလံဖွင့်လှစ်မည်ဟုသိရပြီး ဧပြီ ၁ ရက်မှစ၍ ယာဉ်ဝင်ခွင့်နှင့် ညအိပ်ခွန် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကောက်ခံခြင်းကို ယာယီအားဖြင့် စည်ပင်ဝန်ထမ်းများဖြင့် ကောက်ခံမည်ဟုသိရသည်။ ယာဉ်ဝင်ခွင့်နှုန်းထားများ ပြောင်းလဲခြင်းမရှိဟု သိရသော်လည်း ညအိပ်ခွန်နှုန်းထားမှာ သိသာစွာမြင့်တက်လာသဖြင့် ယာဉ်ပိုင်ရှင်များအနေဖြင့် စိုးရိမ်ပူပန်နေသည်ဟု သိရသည်။ မတ် ၃၁ ရက်အထိ ပွဲရုံဝင်းအတွင်း ကုန်တန်ချိန်အလိုက် ကုန်တင်ယာဉ်ကြီးများကို ညအိပ်ခွန် ခွဲခြားကောက်ခံရန်ရှိသော်လည်း တစ်ပြေးညီသာ ကောက်ခံခဲ့သည်။ ပွဲရုံဝင်းအတွင်းရှိ NGO အဖွဲ့အတွက် ကုန်တင်ယာဉ်ကြီးတစ်စီးလျှင် ငါးရာကျပ်ဖြစ်ပြီး လမ်းသွယ်များအတွင်း ညအိပ်ရပ်နားပါက ကုန်တင်ယာဉ်ကြီးတစ်စီးလျှင် ကျပ် ၁၅၀၀ ညအိပ်ခွန်နှင့် NGO ညအိပ်ယာဉ်မှ ကောက်ခံငွေ နှစ်မျိုးပေါင်းအတွက် ပေးဆောင်ရသည်။

NGO ရုံးတွင် သွားရောက်ပေးဆောင်ပါက ကျပ် ၁၁၀၀ သာပေးရသည်ဟု ကုန်တင်ယာဉ်ပိုင်ရှင် ကိုသက်က ပြောသည်။ ယာဉ်ဝင်ခွင့်လေလံရသူသည် ကားကြီးဝင်းအတွင်းသာ ကောက်ခံခွင့်ရှိသော်လည်း ဘုရင့်နောင်လမ်းသွယ်များအတွင်း ညအိပ်သော ကုန်တင်ယာဉ်ကြီးများထံမှ ညအိပ်ခွန်ကောက်ခံမှုရှိခဲ့သည်။ ကားကြီးဝင်းအတွင်း ကုန်တင်ယာဉ်ကြီး ၃၀၀ ဝန်းကျင်၊ ကားကြီးဝင်းပြင်ပ လမ်းသွယ်များတွင် ယာဉ်ကြီးအစီးရေ ၅၀၀ ဝန်းကျင် ရပ်နားတတ်သည်ဟု သိရသည်။ ဧပြီ ၁ ရက်မှ ပြောင်းလဲကောက်ခံမည်ဟုသိရသော ညအိပ်ခွန်နှုန်းထားမှာ ယာဉ်ကုန်တန်ချိန်အလိုက် တစ်စီးလျှင် ကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်းကောက်ခံမည်ဟု သိရသည်။ ပွဲရုံဝင်းအတွင်းရှိ NGO အဖွဲ့အနေဖြင့် ညအိပ်ကြေး တစ်ညလျှင် ကုန်တင်ယာဉ်ကြီးတစ်စီး ကျပ် ၅၀၀ နှုန်းဖြင့် ကောက်ခံနေရာ တစ်လလျှင် ကျပ်သိန်းရာချီ ရရှိခဲ့သည်။

ပွဲရုံဝင်းအတွင်း ကုန်တင်ယာဉ်များထံမှ ကောက်ခံရရှိသော ညအိပ်ကြေး တစ်လ ကျပ်သိန်း ၁၀၀ ဝန်းကျင်၊ သုံးလဆိုလျှင် ကျပ်သိန်း ၃၀၀ ဝန်းကျင်ရရှိနေသော်လည်း ငွေစာရင်းရှင်းတမ်းတွင် ခေါင်းစဉ်တပ်ဖော်ပြခြင်းမရှိခဲ့ဟု သိရသည်။ အရှုံးပေါ်နေသည်ဟုဆိုတိုင်း ယခင် ပြုလုပ်နေကျငွေတိုးမြှင့်ကောက်ခံမည်ကို စိုးရိမ် ပူပန်နေကြသည်။ အရှုံးပေါ်လျှင် နုတ်ထွက်ပြီး အခြားအဖွဲ့အသစ်ကို ပြန်လည်ရွေးချယ်ပြီး လုပ်ဆောင်စေလိုသည်ဟု ပိတောက်လမ်းမှ ကိုဇော်က ပြောသည်။ ဆယ်ဘီး အမှိုက်သိမ်းယာဉ်အဖြစ် သုံးရန် ကုန်တင်ယာဉ် အဟောင်းတစ်စီးကို ကျပ်သိန်း ၁၅၀ ဝန်းကျင်ဖြင့် ဝယ်ယူပြီး တစ်နှစ်အတွင်း ကျပ်သိန်း ၅၀ ဝန်းကျင်ဖြင့် ရောင်းချခဲ့သဖြင့် အများပြည်သူပိုင်ငွေကြေး ကျပ်သိန်း ၁၀၀ ခန့် ဆုံးရှုံးမှုကိုလည်း ထပ်မံမြင်တွေ့ လာရသည်။ သို့ဖြစ်ပါ၍ ယာဉ်ရပ်နားခတိုးမြှင့် ကောက်ခံမှုနှင့်အတူ NGO အဖွဲ့၏ အရှုံးပေါ် ငွေစာရင်းရှင်းတမ်းနှင့်ပတ်သက်ပြီး ပွဲရုံဝင်းအတွင်းရှိ လုပ်ငန်းရှင်များက စိုးရိမ်ပူပန်ဖြစ်နေသည်ဟု သိရသည်။

ဧပြီ ၁ ရက်မှစ၍ တံတားကြီး ကိုးစင်း ရန်ကုန်မြို့တွင် အခမဲ့ဖြတ်သန်းနိုင်ချိန်တွင် စည်ပင်မှကောက်ခံမည့် ယာဉ်ရပ်နားခနှုန်း မြင့်တက်လာခြင်းအပေါ် ကားလမ်းများပေါ် သွားလာနေသူများက ဝေဖန်ပြောဆိုနေကြသည်။

**(မောင်စေအောင်)**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊

၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

၃။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊

၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊

၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊

၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊

၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊

၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ စိတ်ကွယ်ရာ၌ အနားယူခြင်း၊

၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များမောင်းနှင်ခြင်း၊

၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊

၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊

၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြှူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဥက္ကံသကြားစက်တွင် လုပ်အားခနှင့် အချိန်ပိုလုပ်ခနည်းခြင်းကြောင့် ငြိမ်းချမ်းစွာဆန္ဒပြ

**တိုက်ကြီး ဧပြီ ၂**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ သကြားစက်အမှတ်(၁၃)တွင် မတ် ၂၉ ရက်မှစတင်ပြီး လုပ်အားခနှင့် အချိန်ပိုလုပ်ခနည်းပါးခြင်းများကြောင့် ယင်းစက်ရုံးအတွင်း လုပ်ငန်းချိန်များ မလုပ်တော့ဘဲ စက်ရုံအတွင်း လုပ်သား ၂၇၀ ကျော်တို့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြကြောင်း အလုပ်သမားဦးဆောင်သူ မဝင်းနန္ဒာလှိုင်က ပြောသည်။

"ကျွန်မတို့ အလုပ်သမားတွေကို စက်ရုံးမှူးက ဦးပိုင်ကုမ္ပဏီလိုလို၊ ပုဂ္ဂလိက Golden Myan.Tai ကုမ္ပဏီလိုလိုလုပ်နေတာ သုံးနှစ်ရှိပြီ။ ပြေလည်မလားဆိုပြီး အလုပ်သမားတွေ မခံစားနိုင်တော့လို့ ကျွန်မတို့ အလုပ်သမားတွေ ခုလို ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု ဦးဆောင်သူက ပြောသည်။

ဥက္ကံမြို့ အမှတ် (၁၃) သကြားစက်သည် ၁၉၉၇ ခုနှစ်မှ စတင်၍ မြန်မာ့ကြံလုပ်ငန်းမှ စတင်တည်ထောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် မြန်မာ့စီးပွားရေးဦးပိုင်သို့ လွှဲပြောင်းခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် Golden Myan.Tai ကုမ္ပဏီက ယခုအချိန်အထိ ဆက်လက်လုပ်ကိုင်နေခြင်း ဖြစ်ကြောင်း စက်ရုံဝန်ထမ်းများထံမှ သိရသည်။

ဥက္ကံသကြားစက် အမှတ် (၁၃) တွင် အလုပ်သမားများ လုပ်အားခနှင့် အချိန်ပိုလုပ်ခ နည်းပါးခြင်းများကြောင့် စက်ရုံအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွင် အလုပ်သမားများမှ နှစ်စဉ်နှစ်တိုင်း ဝန်ထမ်းများအား လုပ်သက်ဆုကြေး(Bonus) အနိမ့်ဆုံး သုံးလခပေးရန်၊ အချိန်ပိုလုပ်အားခကို အခြားစက်ရုံများကဲ့သို့ ဥပဒေနှင့်အညီ အပြည့်အဝတွက်ချက်ပေးရန်၊ လူမှုဖူလုံရေးအကျိုးခံစားခွင့် အပြည့်အဝ ခံစားခွင့်ပြုရန်၊ စက်ရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား မည်သည့်ကုမ္ပဏီ၏ ဝန်ထမ်း



ဖြစ်သည်ကို တိတိကျကျဖော်ပြပေးရန်၊ အသက်(၆၅)နှစ်ပြည့်ပြီးသော ဝန်ထမ်းများအား အလုပ်မှရပ်နားပါက နစ်နာကြေးအား အလုပ်သမားအခွင့်အရေးများနှင့်အညီ ခံစားခွင့်ပြုရန် စသည့်တောင်းဆိုချက်များအား အလုပ်ရှင်ထံသို့ တောင်းဆိုထားကြောင်း သိရသည်။

"ကျွန်တော်တို့က မြန်မာ့စီးပွားရေးဦးပိုင်က ညွှန်ကြားချက်နဲ့ ဆောင်ရွက်နေတာပါ။ စက်ရုံအလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေကို ရုံးချုပ်ကို တင်ပြထားပါတယ်"ဟု Golden Myan.Tai မှ စက်ရုံမှူး ဦးစိန်လှိုင်က ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## ပြည်သူ့စာကြည့်တိုက်တွင် ကလေးငယ်များအတွက် ပျော်ရွှင်စရာအစီအစဉ်များဆောင်ရွက်

**မောင်တော ဧပြီ ၂**

မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် မတ် ၃၁ ရက်က ကလေးငယ်များ ပျော်ရွှင်စေရန်နှင့် ဗဟုသုတရရှိစေရန်အတွက် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။



ကလေးများအား စုပေါင်းစာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း၊ အရုပ်ဆက်ခြင်း၊ စက္ကူခေါက်အရုပ်များ ပြုလုပ်ခြင်း၊ ဂိမ်းကစားခြင်း၊ စစ်တုရင်ကစားခြင်းတို့ပြုလုပ်ကစားစေပြီး စာကြည့်တိုက်ရှိ ပြတိုက်ငယ်တွင် ပြသထားရှိသည့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုတို့နှင့်သက်ဆိုင်သော မှတ်သားသင့်သည့် အကြောင်းအရာများအား ဝန်ထမ်းများက ဟောပြောကြသည်။

အဆိုပါလှုပ်ရှားမှုသို့ ကလေးငယ် ၅၀ ခန့် လာရောက်ကြပြီး အာဟာရအဖြစ် အအေးနှင့်မုန့်များ ကျွေးမွေးကာ သင်္ကြန်အကြိုလက်ဆောင်ကာတွန်းပုံ မျက်နှာဖုံးများကိုလည်း ကလေးငယ်များအား ဝေငှပေးခဲ့သည်။

မောင်တောခရိုင် ပြည်သူ့စာကြည့်တိုက်ကို Community Centre နှင့် Community Library အဖြစ် အဆင့်မြှင့်တင် ဝန်ဆောင်မှုပေးလျက်ရှိရာ စာကြည့်တိုက်အတွင်း ကလေးစာဖတ်ခန်းနှင့် ကလေးစာပေများကိုလည်း သီခြားဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု(၃၅၉)မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ(၈၃၈)ဦး၊ သေဆုံး(၁၃၂)ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း စုံညီစည်းဝေး

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းမပေါ်ရှိ Western Park Restaurant, Polo Club (Asia)Residence ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးနှင့် အသင်းဝင် အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ **(အပေါ်ယာပုံ)** မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းကို ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ယာယီအလုပ်အမှုဆောင်များနှင့် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၁ တွင် မှတ်ပုံတင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မှတ်ပုံတင်ခွင့်ပြုချက်ရခဲ့ကြောင်း၊ စတင်ဖွဲ့စည်းချိန်က အသင်းဝင်ဂိတ် ၂၅ ဂိတ်ရှိသော်လည်း ယခုအခါ အသင်းဝင်ဂိတ် ၇၂ ဂိတ် ရှိပြီဖြစ်ကြောင်း၊ ယာဉ်အစီးရေ ၅၀၀ မှ ယခုအခါ ၂၄၀၀ ကျော်ရှိနေပြီး ယခင်က ဗိုလ်အောင်ကျော်ဆိပ်ကမ်းတစ်ခုတည်းသာ လုပ်ကိုင်ခဲ့သော်လည်း ယခုအခါ ဆိပ်ကမ်းများလည်း တိုးလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကုန်သေတ္တာအလုံးပေါင်း ၁၇၆၀၀၀ ကျော်သာ ရှိခဲ့သော်လည်း နှစ်စဉ်တိုးတက်လာရာ ၂၀၁၆ ခုနှစ်တွင် ၁၀၄၄၅၀၀ ကျော်ထိ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဦးမြင့်သောင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်စိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံ၏လိုအပ်ချက် ပြည်တွင်းရှိ လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို သယ်ယူပို့ဆောင်ရေးကဏ္ဍဖြစ်သည့် ဤအသင်းကြီးက စေတနာအပြည့်ဖြင့် အကောင်းဆုံး ဖြစ်အောင်လုပ်ဆောင်လာရာ ယနေ့တွင် လေးနှစ်ပြည့်ခဲ့ကြောင်း၊ လေဆိပ်မှ လည်းကောင်း၊ ဆိပ်ကမ်းမှ လည်းကောင်း၊ နယ်စပ်မှ လည်းကောင်း ရောက်ရှိလာသည့်ပစ္စည်းများကို မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသအသီးသီး၊ မြို့အသီးသီးကို သယ်ယူပို့ဆောင်ရာမှာ ကုန်သတ္တာတင်မော်တော်ယာဉ်များအသင်းမှာရှိတဲ့ ညီနောင်များ၏ ဝန်ဆောင်မှုဟာ အလွန်ပင်အရေးပါလှကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းရဲ့ စတုတ္ထအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးရဲ့ ရည်ရွယ်ချက်နဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းစဉ်တွေကတော့ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ကုန်သွယ်မှုလုပ်ငန်းအဆင်ပြေချောမွေ့စေရေး၊ ဆိပ်ကမ်းများမှာ ကျပ်တည်းပိတ်ဆို့မှု မရှိဘဲ အလွယ်တကူနဲ့ ကုန်စည်တွေစီးဆင်းဖို့ ရည်ရွယ်ချက်နဲ့ အသင်းကြီးကို ထူထောင်ခဲ့တာပါ။ ယာဉ်မောင်းတွေကိုဆိုရင်လည်း ကျွမ်းကျင်အောင် သင်ကြားပေးတယ်။ အဓိကကတော့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လုပ်ဆောင်ရတာပါ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်လေးတွေကိုလည်း တာဝန်ရှိတဲ့သူတွေကို သိစေချင်တဲ့အတွက် ဒီနှစ်ပတ်လည်ပွဲလေးကို ပြုလုပ်ရတာပါ"ဟု ဦးအောင်မိုး (မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း ဒုတိယဥက္ကဋ္ဌ-၁) က ပြောသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၆ သက်တမ်းနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အလုပ်အမှုဆောင်ဟောင်းများမှ ဇန်နဝါရီ ၆ ရက်တွင် တာဝန်လွှဲပြောင်းပေးအပ်ပြီးကြောင်းနှင့် ယခုအစည်းအဝေးတွင် ၂၀၁၇-၂၀၁၉ သုံးနှစ် သက်တမ်းအတွက် အသင်းအလုပ်အမှုဆောင်သစ် ၃၁ ဦးမှ တာဝန်ဝတ္တရားများ လက်ခံကြောင်း ကြေညာခဲ့သည်။ ထို့နောက် MCTA ပညာရေးဖောင်ဒေးရှင်းမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသား အသင်းသူများ၏ သားသမီးများအား ထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြပြီး မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဆရာဇော်ဂျီဆုနှင့် မြန်မာစာဂုဏ်ထူးဆု ၁၆ ဆုချီးမြှင့်မည်

**ဖျာပုံ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် (၉)နှစ်ပြည့် နှစ်ပတ်လည်အခါသမယတွင် နှစ်စဉ်ချီးမြှင့်မြဲဖြစ်သော ဆရာဇော်ဂျီဆု၊ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုချီးမြှင့်ခြင်းနှင့်အတူ စာနယ်ဇင်းအလှူရှင် ၅၀ ကျော်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ဖျာပုံမြို့ ဆရာ ဇော်ဂျီရာပြည့် စာကြည့်တိုက်တိုးချဲ့ဆောင်သစ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို ဖျာပုံမြို့သား အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏မွေးနေ့ နှစ်တစ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် ဧပြီလက ဖျာပုံမြို့ ချောင်းတွင်းလမ်းမကြီး(ဖျာပုံတံတားအနီး)၌ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာဂုဏ်ထူးရှင်များအား ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုများချီးမြှင့်လာခဲ့ရာ ယခုကိုးနှစ်တာကာလအတွင်း မြန်မာစာဂုဏ်ထူးဆုပေါင်း ၁၀၇ ဆု ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ကြောင်း စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ထံမှ သိရသည်။

"အဓိက ဒီဆုတွေချီးမြှင့်တာက ကျောင်းသား ကျောင်းသူတွေ မြန်မာစာပေကို ချစ်မြတ်နိုးတတ်ဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးဖို့ ဦးတည်ပါတယ်။ နောက်တစ်ချက်က ဆရာကြီးရဲ့ဇာတိမြေ ဖျာပုံသူဖျာပုံသား မျိုးဆက်သစ်တွေနဲ့အတူ လူငယ်လူရွယ်တွေ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီကို အားကျအတုယူ ဂုဏ်ယူကြစေဖို့ ရည်ရွယ်ချီးမြှင့်ခြင်းဖြစ်ပါတယ်။ နောက်ဝမ်းသာကျေးဇူးတင်စရာတစ်ခုက ဆရာဇော်ဂျီမိသားစုကလည်း နှစ်စဉ်မြန်မာစာဂုဏ်ထူးရရှိသူတွေထဲက အမှတ်အများဆုံးရရှိသူတစ်ဦးကို ရွေးချယ်ကာ ဆရာဇော်ဂျီဆုအဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိပါတယ်"ဟု စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် (ဖိုးအောင်လေး)က ပြောသည်။

ယခုလက်ရှိအချိန်တွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၌ သုတ၊ရသ စာနယ်ဇင်းမျိုးစုံအုပ်ရေ ၂၀၀၀၀ ကျော်စုဆောင်းထားရှိပြီး နေ့စဉ်စာဖတ်သူ၊ စာအုပ်ငှားရမ်းသူများဖြင့် စည်ကားလျက်ရှိသည်။ **သူဇာနွယ်(ဖျာပုံ)**




**ဧပြီ ၂ ရက်က အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် စေတနာအခမဲ့ဆေးခန်း၏ ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ပတ်လည်ညီလာခံနှင့် အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲတွင် အထူးကုဆရာဝန်ကြီးအား အခမဲ့ပြည်သူ့အကျိုးပြုဆေးခန်းကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (ဝင်းမင်း)

# အပိုဘီးအတွင်းထည့်သွင်းသယ်ဆောင်လာသောဘိန်းဖြူများ သိမ်းဆည်းရမိ

**ရန်ကုန် ဧပြီ ၂**

မူဆယ်မြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် မစ်ဆူဘီရှိ ပါဂျဲရိုး အမျိုးအစားယာဉ်၏ နောက်ဘက်တွင် တပ်ဆင်လာသော အပိုဘီးအတွင်း ဆပ်ပြာခွက်များဖြင့် ဘိန်းဖြူများ ထည့်သွင်းသယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဧပြီ ၁ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်သွယ်မှုများကို မြန်မာနိုင်ငံ အထက်ပိုင်း မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်း မြဝတီ-ရန်ကုန် လမ်းမကြီးတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ ဖွင့်လှစ်၍ ပူးပေါင်းအဖွဲ့များနှင့် စစ်ဆေးလျက်ရှိရာ ဧပြီ ၁ ရက်က အဆိုပါ မစ်ဆူဘီရှိ ပါဂျဲရိုး ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ရှိသူများက စစ်ဆေးရန် တားဆီးစဉ်တွင် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး စခန်းသို့ ခေါ်ဆောင် စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဘက်၌ တပ်ဆင်ထားသော အပိုဘီးအတွင်းတွင် ဆပ်ပြာခွက် ၇၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ ၈၈၈ ဂရမ်ခန့်နှင့် သယ်ဆောင်လာသည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၆ ဒသမ ၈၇၂ သန်းခန့်ကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ စစ်ဆေးရေးစခန်းနှစ်ခုက တရားမဝင် ကုန်သွယ်မှုများကို တားဆီးစစ်ဆေးလျက်ရှိရာ ၂၀၁၇ ဧပြီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၂၆ ဒသမ ၈၇၂ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု၊ (ခန့်မှန်းတန်ဖိုးကျပ် ၁၅ ဒသမ ၀၆ သန်းခန့်တို့)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရေကူးမြို့မကျောင်းတိုက်ရှိ လူမှုကူညီရေးအသင်း (သယ်န်းကျွန်း) ပရဟိတအသင်းအတွက် ဦးမင်းသိမ်း၊ မဝေဝေဦး မိသားစုက TOYOTA ESTIMA ယာဉ်တစ်စီးလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လင်း လက်ခံရယူစဉ်။** (ဇာနည်မောင်)

**✱ ရန်ကင်းတောင်မှ**

ပြိုင်ပွဲကို (၇၈) လမ်းရှိ တာလွှတ်စုရပ်နေရာမှ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ပြီး ရန်ကင်းတောင်ပေါ် နဂါးရုံဘုရားအနီး သတ်မှတ်နေရာအထိ စီးနင်းယှဉ်ပြိုင်ခဲ့ကြရာ အလှူရှင်များက အားဖြည့်အချိုရည်များ ပေးဝေခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ အသက် (၂၅) နှစ်အောက် ပြိုင်ပွဲတွင် ပထမ စောအယ်ချ၊ အသက် (၂၅-၃၅)နှစ်ပြိုင်ပွဲတွင် ပထမ ကျော်ကျော်၊ အသက် (၃၅-၄၅)နှစ်ပြိုင်ပွဲတွင် ပထမ နေမျိုးအောင်၊ အသက် (၄၅-၆၀) ပြိုင်ပွဲတွင် ပထမ ခင်မောင်ချိုနှင့် ဒုတိယ၊ တတိယဆုရရှိသူများအား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်း၊ MBA ဥက္ကဋ္ဌ ဦးစိုးလွင်ဦးနှင့် တာဝန်ရှိသူများ၊ ပံ့ပိုးသူ Sport-X အချိုရည်မှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ခရစ္စတယ်ပဲလေ့စ်အသင်းကို ချယ်လ်ဆီး ရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံလုပွဲ ပိုမိုအသက်ဝင်လာဟု ကွန်တီပြော



ချယ်လ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို အိမ်ကွင်းမှာပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် ဒုတိယနေရာရှိ စပါးအသင်းနှင့် ခုနစ်မှတ်သာ ကွာဟတော့သည့် အခြေအနေရောက်ရှိသွားပြီဖြစ်ရာ အဆိုပါ အနေအထားက မီဒီယာများအတွက် သတင်းရေးကောင်းမည့် ကိစ္စရပ်ဖြစ်သလို ချန်ပီယံလုပွဲလည်း ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်လာခဲ့ကြောင်း ချယ်လ်ဆီးနည်းပြကွန်တီက ပြောကြားခဲ့သည်။

ယခုရှုံးနိမ့်မှုသည် ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက် အိမ်ကွင်း ရှုံးပွဲဖြစ်ခဲ့ရပြီး ဘန်လေအသင်းကို အဝေးကွင်းတွင် အနိုင်ယူခဲ့သည့် စပါးအတွက် ချန်ပီယံမျှော်လင့်ချက်ကို ပိုမိုအသက်ဝင်စေခဲ့သည်။ ကွန်တီက "ကျွန်တော်အမြဲပြောခဲ့သလို သင်္ချာကိန်းဂဏန်းတွေက ခင်ဗျားဘယ်လောက်အထိ အနိုင်ရသလဲဆိုတာ ပြသပြီးမှ ချန်ပီယံဖြစ်ခွင့်ရမှာပါ။ ဒါကြောင့် ပွဲစဉ်တိုင်း အနိုင်ရဖို့ အမြဲတမ်းတိုက်ပွဲဝင်စိတ်ရှိရမှာဖြစ်ပါတယ်" ဟု ဖြေကြားခဲ့သည်။

စပါးနည်းပြ ပိုချက်တီနိုက သူနှင့် စပါး ကစားသမားများအခုထိ ယုံကြည်ချက်တစ်ခုရှိနေသည်မှာ ချယ်လ်ဆီးကို အမီလိုက်နိုင်ဦးမည်ဆိုသည်ပင်ဖြစ်ကြောင်း ဘန်လေနှင့် ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ပိုချက်တီနိုက "ဒီအနိုင်သုံးမှတ်က အသင်းအတွက် တကယ်ကိုအဖိုးတန်ပါတယ်။ ကျွန်တော်တို့အသင်းက ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရအောင် ဆောင်ရွက်နိုင်ခဲ့သလို ဒီလို အကောင်းဆုံး ကစားနိုင်ခဲ့တဲ့အတွက်လည်း တကယ့်ကို ဂုဏ်ယူမိပါတယ်" ဟု ပိုချက်တီနိုက ဆိုခဲ့သည်။

အာဆင်နယ်ကစားသမားဟောင်း မာတင်ကင်ယွန်က ချန်ပီယံပြိုင်ပွဲပြီးဆုံးသွားပြီဟု မထင်ကြောင်းနှင့် စပါးမှာ ချယ်လ်ဆီးအသင်းကို ယှဉ်ကစားနိုင်သည့် တစ်ခုတည်းသော ပရီမီယာလိဂ်အသင်းဖြစ်နေကြောင်း ဆိုခဲ့သည်။ ယခုပွဲစဉ်အရှုံးသည် ဇန်နဝါရီ၄ရက်တွင် စပါးအသင်းကိုသာ နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်နောက်ပိုင်း ပထမဦးဆုံးသော ရှုံးပွဲလည်း ဖြစ်လာခဲ့သည်။

## မိုင်ယာမီအိုးပင်းတွင် ဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဖြစ်ရန် ကွန်တာပစ်မှတ်ထားလာ

ဗြိတိန်တင်းနစ်မယ် ဂျိုဟာနာ ကွန်တာမှာ မိုင်ယာမီ အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာအတွက် ပစ်မှတ်ထားနေပြီဟု ဖွင့်ဟလိုက်ပြီဖြစ်သည်။ မိုင်ယာမီအိုးပင်း ချန်ပီယံဆုသည် ကွန်တာ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် အရေးပါဆုံး ဖလားဖြစ်ခဲ့သလို ကမ္ဘာ့အဆင့်(၁)နေရာအထိ တက်လှမ်းရန် တွန်းအားတစ်ရပ်ဖြစ်ကြောင်း ဆိုသည်။ ကွန်တာသည် ၂၀၁၅ခုနှစ်ဇွန်လအထိ ကမ္ဘာ့အဆင့် ( ၁၄၆) နေရာတွင် ရပ်တည်နေရာမှ ယခုနှစ်အတွင်း ကမ္ဘာ့အဆင့်(၁၁)နေရာသို့ ရောက်ရှိခဲ့ပြီးနောက် မိုင်ယာမီအိုးပင်းတွင် ချန်ပီယံဆုရယူအပြီးတွင် ကမ္ဘာ့အဆင့်(၇)နေရာသို့ ခုန်ပျံရောက်ရှိလာခဲ့သည်။

ဂျိုဟာနာကွန်တာက ဝေါ့ဇနီယာကီကို အနိုင်ယူခဲ့ပြီး မိုင်ယာမီ အိုးပင်းကို ဆွတ်ခူးနိုင်သည့် ပထမဦးဆုံးသော ဗြိတိန်တင်းနစ်မယ်ဖြစ်လာခဲ့သည်။ အသက်(၂၅)နှစ်အရွယ် ဗြိတိန်တင်းနစ်မယ် ကွန်တာက ယခင်ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဖြစ်သည့် ဝေါ့ဇနီယာကီကို ၆-၄၊ ၆-၃ဖြင့် သက်သောင့်သက်သာပင် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကွန်တာမှာ မိုင်ယာမီအိုးပင်း ချန်ပီယံအဖြစ် ဆုကြေးအဖြစ် ပေါင် ၉၄၀၀၀၀ရရှိမည်ဖြစ်ပြီး သူ့အတွက် တတိယမြောက် ဒဗလျူတီအေ ချန်ပီယံဆုလည်း ဖြစ်ခဲ့သည်။ ကွန်တာသည် ၂၀၁၆ခုနှစ် ဇွန်လတွင် Bank of The West Classic ချန်ပီယံဆုကို ပထမဦးဆုံး ရယူနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက Sydney International ဖလားကို ထပ်မံ ဆွတ်ခူးနိုင်ခဲ့သလို ယခုဧပြီလအစမှာပင် မိုင်ယာမီအိုးပင်းချန်ပီယံအဖြစ် ထပ်မံအောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်သား အန်ဒီမာရေးမှာ လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသူဖြစ်သဖြင့် အကယ်၍ ကွန်တာသာ အမျိုးသမီး တင်းနစ်မယ်များတွင် ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်မည်ဆိုပါက အမေရိကန်အများစု လွှမ်းမိုးခဲ့သည့် ကမ္ဘာ့တင်းနစ်လောက ချိန်ခွင်လျှာ အပြောင်းအလဲကို မြင်တွေ့ရမည်ဖြစ်သည်။ သို့သော်ကွန်တာ အနေဖြင့်မည်သည့် ဂရင်းစလင်း ချန်ပီယံဆုမျှ ဆွတ်ခူးနိုင်ခြင်းမရှိသေးသမျှ ကမ္ဘာ့အဆင့်(၁)နေရာနှင့် အလှမ်းဝေနေဦးမည်ဖြစ်သည်။





## ပရိသတ်ဂဝရာခိုင်နှုန်း၏ ဆန့်ကျင်မှု ရင်ဆိုင်နေရသော်လည်း အာဆင်နယ်တွင် ဆက်နေမည်ဟု ဝင်းဂါး အရိပ်အမြွက်ဆို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကို ပရိသတ်၁၀ဦးတွင် ရှစ်ဦးက အာဆင်နယ်အသင်းမှ ထွက်ခွာရန် လိုလားနေသည့် အခြေအနေဆိုက်နေသော်လည်း ဝင်းဂါးကမူ လာမည့်ရာသီ အာဆင်နယ်တွင် ဆက်ရှိနေမည်ဟူသော စကားကို အရိပ်အမြွက်ပြောကြားခဲ့ခြင်းကြောင့် အာဆင်နယ် ပရိသတ်များ ဒေါသပေါက်ကွဲနေပြီဖြစ်ကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဝင်းဂါးက"ဟုတ်ပါတယ်၊ လာမယ့်ရာသီ အာဆင်နယ်အသင်းမှာ ဆက်ရှိနေဖို့ စီစဉ်ထားတာက ကျွန်တော် နှစ်တိုင်း လုပ်ဆောင်လေ့ရှိတဲ့ ကိစ္စရပ်ပါ။ ကျွန်တော် နှစ်လပဲလား၊ ၁၀လ ဆက်နေမှာလားဆိုတာ ဂယနဏ အတည်မပြုနိုင်သေးပေမယ့် ကျွန်တော် အလုပ်လုပ်ပုံကတော့ အမြဲ အတူတူပါပဲ"ဟု ပြောကြားခဲ့သည်။

ဝင်းဂါးနှင့် အာဆင်နယ်ကလပ်အသင်း ဘုတ်အဖွဲ့ဝင်များကြား နှစ်နှစ် သဘောတူ စာချုပ်သက်တမ်းတိုးရန် ကိစ္စရပ်ကို နှုတ်အားဖြင့် သဘောတူထားပြီး ဖြစ်သည်။ သို့သော် ၂၀၁၇ခုနှစ်အတွင်း ရလဒ်ဆိုးများကြောင့် ဝင်းဂါး၏ အနေအထားရုတ်တရက် ပိုမိုဖိအားများလာကာ ပရိသတ် ဆန့်ကျင်မှုများကို ခပ်စိတ်စိတ်တွေ့လာရသည်။

ပြီးခဲ့သည့် ဧပြီရက် အာဆင်နယ်အသင်းတွင် ဝင်းဂါး ဆက်ရှိနေရေးအတွက် ဆန္ဒသဘောထား ကောက်ခံခဲ့ရာ လာမည့်နွေတွင် ဝင်းဂါးထွက်ခွာသွားခြင်းကသာ ပရိသတ်များ၏ မေတ္တာကို ဆက်လက်ရရှိနိုင်မည့် တစ်ခုတည်းသော အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း ပရိသတ်၇၈ရာခိုင်နှုန်းက သဘောထားမှတ်ချက်ပေးခဲ့ကြသည်။ သို့သော် ဝင်းဂါးက လက်ရှိ ကစားသမားများ စာချုပ်သက်တမ်းတိုးရေး၊ ကစားသမားသစ်ခေါ်ယူရေး ကိစ္စရပ်များတွင် နည်းပြထက် ကလပ်အသင်းအမှုတ်တံဆိပ်ကသာ ပိုမို အဓိကကျကြောင်း ဆိုခဲ့ပြီး အနေအထားအသစ်တစ်ခု ဖြစ်ပေါ်စေရန် ၎င်း ကောင်းကောင်းဆောင်ရွက်နိုင်ဆဲဟု ယုံကြည်ကြောင်း ဆိုခဲ့သည်။ အာဆင်နယ်ကစားဟောင်း အများစုကမူ လက်ရှိအာဆင်နယ်ကစားသမားများ၏ အနိုင်ရလိုစိတ်ပြင်းထန်မှု မရှိခြင်းက ဝင်းဂါးကို ဒုက္ခရောက်အောင် တွန်းပို့ပေးသလို ဖြစ်စေပြီး ဝင်းဂါးမှာ အာဆင်နယ်နှင့် အသင့်လျော်ဆုံး နည်းပြတစ်ဦးဖြစ်ကြောင်း ထောက်ခံစကားဆိုခဲ့ကြသည်။

ပရိသတ်အများစုက ယနေ့ခေတ်နှင့် ယခင်ခေတ် အခြေအနေမတူညီကြသဖြင့် အပြောင်းအလဲကို မဖြစ်မနေ ဖော်ဆောင်သင့်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့ပြင် တိုက်စစ်မှူး ဆန်းချက်ဇ်က လန်ဒန်မြို့တွင် နေထိုင်ရသည်ကို ကြိုက်နှစ်သက်သော်လည်း အနိုင်လိုချင်စိတ်ပြင်းထန်သည့် အသင်းတစ်သင်းတွင်သာ ကစားရန် ဆန္ဒရှိသည်ဟူသော စကားကို ပြောကြားခဲ့ပြီးနောက် လန်ဒန်မြို့ခံ ချယ်လ်ဆီးအသင်းသို့ ဆန်းချက်ဇ် ပြောင်းရွှေ့လို၍ လေသံပစ်နေခြင်းဖြစ်ကြောင်း သတင်းများထွက်လာခဲ့သည်။ ဆန်းချက်ဇ်အပြင် အိုဇေးလ်၊ချိန်ဘာလိန်တို့မှာလည်း လာမည့်နွေ အာဆင်နယ်မှ ထွက်ခွာတော့မည်ဟူသော သတင်းထွက်နေသူများဖြစ်သည်။ နည်းပြဝင်းဂါး နွေဈေးကွက် အလိုရှိဆုံး ကစားသမားစာရင်းတွင် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီက ဦးဆောင်နေပြီး ကွင်းလယ်နှင့် ခံစစ်ပိုင်းအတွက်လည်း ကစားသမား အင်အားထပ်မံ ဖြည့်ဆည်းပေးရန် လိုအပ်နေသည်။

**မေလဲ့သင်း**
**စုစည်းသည်**

## ပေါင်ခြံဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိသည့် ဂျူအန်မာတာ

မန်ယူကွင်းလယ်လူ ဂျူအန်မာတာ၏ ပေါင်ခြံဒဏ်ရာမှာ ခွဲစိတ်ကုသခဲ့ရသဖြင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။ မာတာမှာ ယခုရက်သတ္တပတ်အစောပိုင်းအထိ အသင်းလေ့ကျင့်ရေး အစီအစဉ်များတွင် ပုံမှန်ပါဝင်နိုင်သော်လည်း ချက်ချင်းဆိုသလို ပေါင်ခြံပြဿနာ ကြုံတွေ့လာရပြီးနောက် ခွဲစိတ်မှု ခံယူခဲ့ရခြင်းဖြစ်သည်။ မာတာ၏ ဒဏ်ရာကို မတ်၃၁ရက်တွင် ခွဲစိတ်ခဲ့ပြီး မန်ယူအသင်း၏ ရာသီလက်ကျန်ပွဲစဉ်များ အားလုံးကို မာတာ လွဲချော်ရန် ရှိနေပြီဖြစ်သည်။

ယခု ဒဏ်ရာသည် အသက်(၂၈)နှစ်အရွယ် မာတာအတွက် မန်ယူအသင်းကိုရောက်ပြီး သုံးနှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် ရရှိခဲ့သော ဒဏ်ရာလည်း ဖြစ်ခဲ့သည်။ မန်ယူအသင်းတွင် ဖီးလ်ဂျုံးစ်၊ ခရစ်စမောလင်းတို့ ဒဏ်ရာရရှိချိန်တွင် မာတာ၏ ဒဏ်ရာပြဿနာ ကြုံတွေ့ခြင်းက မော်ရင်ဟိုကို ခေါင်းခဲစေမည်ဖြစ်သည်။ မန်ယူကွင်းလယ်လူ ပေါ့ဘာမှာလည်း တံကောက်ကြော ဒဏ်ရာပြဿနာရှိနေ၍ ပြင်သစ်အသင်းလူစာရင်းမှပင် ချန်လှပ်ခဲ့ရသည့်အတွက် မန်ယူအသင်း ဒဏ်ရာ ပြဿနာ များပြားခြင်းက မော်ရင်ဟို လက်အောက်တွင် နေရာ ပျောက်နေသည့် ဝိန်းရွန်းနီ၊ လုခ်ရှောနှင့် မာရှယ်လ်တို့လို ကစားသမားများအတွက်မူ အခွင့်အရေးကောင်းပင်ဖြစ်သည်။ မော်ရင်ဟိုသာ ဆန္ဒရှိပါက မန်ယူအသင်း လူစာရင်းတွင် လူငယ်ကစားသမားများဖြစ်သည့် အက်ဇယ်တွက်ဇ်ဘီနှင့် သီမိုတီတို့ခေါ်ယူ အသုံးပြုနိုင်မည်ဖြစ်သည်။

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀၆,၂၀၇.၄၂၃ | | | ၁၃၄,၁၃၈.၂၈၆ | ၈,၅၄၃.၈၅၀ | ၁၅,၉၂၂.၅၅၀ | | | ၃၆၄,၈၇၁.၆၀၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၄၈၅,၀၆၂.၈၂၈ | | | ၄၃,၉၇၆.၀၁၆ | | | | | ၅၂၉,၀၃၈.၈၄၄ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၁၅,၂၉၃.၄၈၄ | | | ၂၃,၈၆၉.၅၅၉ | | | | | ၂၄၃,၁၆၃.၀၄၃ |
| | ပေါင်း | | ၉၀၆,၅၆၃.၇၃၅ | | | ၂၀၆,၀၄၃.၈၆၁ | ၈,၅၄၃.၈၅၀ | ၁၅,၉၂၂.၀၅၀ | | | ၁,၁၃၇,၀၇၃.၄၉၆ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅,၉၄၁ | | ၁,၂၀၀.၅၆၇ | | | | | | | | | ၁,၂၀၆.၅၀၈ |
| | ပေါင်း | | ၅,၉၄၁ | | ၁,၂၀၀.၅၆၇ | | | | | | | | | ၁,၂၀၆.၅၀၈ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၁၇၄.၀၀၀ | | | ၄၂.၀၀၀ | | | | | ၁,၂၁၆.၀၀၀ |
| | ပေါင်း | | ၁,၁၇၄.၀၀၀ | | | ၄၂.၀၀၀ | | | | | ၁,၂၁၆.၀၀၀ |

နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၁.၃၀၅ | | | | | | | | | ၁၁.၃၀၅ |
| | ပေါင်း | | | | ၁၁.၃၀၅ | | | | | | | | | ၁၁.၃၀၅ |

နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၉၀.၀၆၄ | | ၈၀၀.၀၀၀ | ၂၄,၇၇၆.၄၅၁ | | | | | ၂၆,၁၆၆.၅၁၅ |
| | ပေါင်း | | ၅၉၀.၀၆၄ | | ၈၀၀.၀၀၀ | ၂၄,၇၇၆.၄၅၁ | | | | | ၂၆,၁၆၆.၅၁၅ |

ဆက်လက်ဖော်ပြပါမည်။

# ကောလာဟလတွေကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်တွေအတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## ဒီထက်ပိုပြီး အသည်းမကွဲတော့ပါ

ပေါ့ပ်တေးသံရှင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ နောက်ဆုံးမှာတော့ မင်းသား ဇက်အက်ဖရွန်ကို တွေ့ဆုံခွင့်ရခဲ့ကာ အသည်းကွဲဝေဒနာမှ လွတ်မြောက်တော့မှာဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ပဲရစ်ဂျက်ဆင်က သူဟာ မင်းသား ဇက်အက်ဖရွန်ကို တွေ့မြင်လိုတဲ့အတွက် သူ့ရဲ့ဖျော်ဖြေပွဲကို သွားရောက်ကြည့်ရှုခဲ့ပေမယ့် ဇက်အနေနဲ့ လာရောက်ဖျော်ဖြေခဲ့ခြင်းမရှိခဲ့တာကြောင့် အသည်းကွဲဝေဒနာကို ခံစားခဲ့ရကြောင်း အမှတ်တရ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာတော့ အသည်းကွဲရတဲ့အခြေအနေကနေ လွန်မြောက်တော့မှာဖြစ်ပါတယ်။ အကြောင်းကတော့ ပဲရစ်ဂျက်ဆင်ရဲ့ခံစားချက်တွေကို ကြားသိခဲ့ရပြီးတဲ့နောက် ဇက်အက်ဖရွန်က သူ့ကို တွေ့ဆုံခွင့်ပေးလိုက်တာကြောင့်ပဲ ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၁၉နှစ်ခန့်ရှိပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်က သူ့ရဲ့ အသက် ဆယ်နှစ်ခန့်မှာ ဇက်ကြောင့်အသည်းကွဲခဲ့ဖူးကြောင်း "Saturday Night Live"ရုပ်သံအစီအစဉ်ရဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။ ပဲရစ်ဂျက်ဆင်ဟာ ဇက်အက်ဖရွန်ရဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "High School Musical"ရဲ့ ဖျော်ဖြေပွဲကို သွားရောက်ကြည့်ရှုခဲ့ပေမယ့် အခြားသော ရုပ်ရှင်ရိုက်ကူးရေးကြောင့် ဖျော်ဖြေပွဲမှာ ဇက်အနေနဲ့ ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိကြောင်း သိလိုက်ရတဲ့အချိန်မှာ အသည်းကွဲသွားသလိုခံစားခဲ့ရကြောင်းနဲ့ အဲဒီအဖြစ်အပျက်ကို ယနေ့တိုင်အမှတ်ရနေကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် မကြာသေးမီက ပြုလုပ်ခဲ့တဲ့ "Baywatch"ရုပ်ရှင်ရဲ့ ပရိမိုးရှင်းပွဲတစ်ခုမှာတော့ ဇက်အက်ဖရွန်က ပဲရစ်ဂျက်ဆင်ကို သူ့ရဲ့ရုပ်ရှင်သစ် စမ်းသပ်ပြသတဲ့အခမ်းအနားကို တက်ရောက်ဖို့ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ "Baywatch" မှာ ဇက်အက်ဖရွန်က ခေါင်းဆောင်ပါဝင်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်စမ်းသပ်ပြသတဲ့အခမ်းအနားကို ဇက်လည်းတက်ရောက်မှာဖြစ်တာကြောင့် ပဲရစ်ဂျက်ဆင်အနေနဲ့ အဆိုပါအခမ်းအနားမှာတော့ ဇက်အက်ဖရွန်နဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံခွင့်ရတော့မှာ ဖြစ်ပါတယ်။



"Baywatch"မှာ ဇက်အက်ဖရွန်ဟာ အိုလံပစ်ရွှေတံဆိပ်ဆုရှင်ရေကူးချန်ပီယံတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အခြားသော ဟောလိဝုဒ်နာမည်ကျော်တွေဖြစ်ကြတဲ့ ဒဝိန်းဂျွန်ဆင်၊ ပရီယန်ကာချော်ပရာ၊ အလက်ဇန္ဒရာဒက်ဒါရီယိုတို့လည်း ပါဝင်သရုပ်ဆောင်ထားကြပြီး လာမယ့် မေ ၂၆ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



**အေးပြည့်-စုစည်းသည်**

## အားပေးသူမရှိမှာတော့ ကြောက်မိပါရဲ့

အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ပြုလုပ်ရင်းက ဗြိတိန်ရဲ့ အအောင်မြင်ဆုံးသော တေးဂီတအဖွဲ့လို့တောင်ဆိုနိုင်တဲ့ "One Direction"ဟာ ပြီးခဲ့တဲ့ နှစ်အတွင်း အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားထားကာ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ လှုပ်ရှားမှုတွေသာ ရှိနေခဲ့ပါတယ်။ အဖွဲ့ဝင်တွေအနက် တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ကတော့ ပြီးခဲ့တဲ့ နှစ်အတွင်း ဂီတနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေကို လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ မကြာသေးမီကမှ တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပြောကြားလာခဲ့ပါတယ်။ ဒီလိုအဖွဲ့လိုက်အောင်မြင်မှုရခဲ့ရာမှ တစ်ကိုယ်တော်တေးသံရှင်အဖြစ် ရပ်တည်ရာမှာတော့ သူ့ရဲ့တေးသီချင်းသစ်ကို ဝယ်ယူအားပေးမယ့်သူမရှိမှာကို စိုးရိမ်မိကြောင်း ဟယ်ရီစတိုင်စတိုင်က ဖွင့်ဟခဲ့တယ်ဆိုတဲ့ ကောလာဟလတွေဟာလည်း ပေါ်ထွက်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရင်းနှီးသူတစ်ဦးက ဟယ်ရီရဲ့လက်ရှိခံစားချက်နဲ့ပတ်သက်ပြီး တစ်ကိုယ်တော် တေးသံရှင်အဖြစ် ရပ်တည်ဖို့ကြိုးစားနေရင်းက တစ်ဖက်မှာလည်း စိတ်ပူပန်မှုတွေရှိနေကြောင်း ဖွင့်ဟပြောကြားလာခဲ့တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ အသက် (၂၃)နှစ်ရှိပြီဖြစ်တဲ့ ဟယ်ရီစတိုင်က သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ် "Sign of the Time"ကို ထုတ်လွှင့်ဖို့ စိတ်လှုပ်ရှားနေပြီး တစ်ချိန်တည်းမှာ ဝယ်ယူအားပေးမယ့်သူမရှိမှာကိုလည်း စိုးရိမ်စိတ်ဖြစ်နေကြောင်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးကလည်း "ဟယ်ရီရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ဟာ မပေါက်ခဲ့ဘူးဆိုရင် သူ့ရဲ့တေးသံရှင်ဘဝဟာလည်း ပြီးဆုံးသွားနိုင်ပါတယ်။ ဟယ်ရီဟာ လက်ရှိမှာ အောင်မြင်နေတဲ့ ဂျက်စတင်တင်းဘားလိတ်ခ်လို တေးသံရှင်ဖြစ်လာမှာလား၊ ဂျက်စတင်ရဲ့ တစ်ချိန်က အဖွဲ့ဝင်တွေလို မှေးမှိန်ပျောက်ကွယ်သွားမှာလားဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ တေးသီချင်းသစ်ထုတ်လွှင့်မယ့်အချိန်ဟာ သူ့အတွက် အလွန်အရေးပါတဲ့အချိန်ကာလဖြစ်တာကြောင့် စိုးထိတ်မှုတွေ ရှိနေတာပါ"လို့လည်း ပြောကြားခဲ့ပါတယ်။

ဟယ်ရီအနေနဲ့ စိုးရိမ်မှုတွေရှိနေပေမယ့် ကိုလံဘီယာတေးသွင်းရဲ့ ဥက္ကဋ္ဌဖြစ်သူ ရော့ဘ်စတွင်းဂါက ဟယ်ရီရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကိုလည်း မကြာမီထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်ဟာ ပရိသတ်တွေကို စိတ်ပျက်စေမှာမဟုတ်ကြောင်း တေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဘေဘုတ်ကို ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

## ကားမောင်းခွင့်လိုင်စင် ဆိုင်းငံ့ခံထားရတဲ့ ကင်မ်ဟွန်ဂျွန်

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း စစ်မှုထမ်းကာလပြီးဆုံးခဲ့တဲ့အတွက် အနုပညာလှုပ်ရှားမှုအသစ်တွေကို ပရိသတ်ရှေ့အရောက်ပို့ပေးဖို့ရာ ပြင်ဆင်နေတဲ့ တောင်ကိုရီးယားတေးသံရှင်နဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်သူ ကင်မ်ဟွန်ဂျွန်ဟာ လတ်တလောမှာတော့ အရက်သောက်ကာ ကားမောင်းခဲ့တဲ့အတွက် သူ့ရဲ့လိုင်စင်ကို ခေတ္တဆိုင်းငံ့ထားခြင်းခံထားရကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Boys Over Flowers" (F4) ရုပ်ရှင်မှာ ဒုတိယဇာတ်ဆောင် "ဂျီဟို" အဖြစ် မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေနဲ့ စတင်ရင်းနှီးခွင့်ရခဲ့တဲ့ ကင်မ်ဟွန်ဂျွန်ဟာ ပြီးခဲ့တဲ့ မတ် ၂၆ ရက်က အရက်သောက်ထားပြီး ကားမောင်းခဲ့တာကြောင့် လိုင်စင်အသိမ်းခံထားရတဲ့အပေါ် ကင်မ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က မတ် ၃၀ ရက်မှာ မီဒီယာတွေကို တရားဝင်ရှင်းလင်းပြောကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၆ ရက် နံနက်အစောပိုင်းမှာ ကားသမားတစ်ဦးက သူ့ရဲ့အရှေ့ကကားဟာ ဆက်လက်ရွေ့လျားခြင်းမရှိတော့ဘဲ ရပ်တန့်နေကြောင်း ရဲကိုဖုန်းဆက် အကြောင်းကြားခဲ့တာကြောင့် သွားရောက်စစ်ဆေးရာမှာ ကားအတွင်း စတီယာတိုင်ကိုမှီကာ အိပ်ပျော်နေတဲ့ ကင်မ်ဟွန်ဂျွန်ကို တွေ့ခဲ့ရပါတယ်။ အဲဒီနောက် ကင်မ်ကို အရက်သောက်ထားခြင်းရှိ၊ မရှိစစ်ဆေးခဲ့ရာမှာတော့ သောက်သုံးထားတာကို တွေ့ခဲ့ရတာကြောင့် သူ့ရဲ့ ကားမောင်းခွင့်ကို ခေတ္တဆိုင်းငံ့ထားကြောင်း သိရပါတယ်။

ယင်းဖြစ်ရပ်နဲ့ပတ်သက်ပြီး ကင်မ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က "ကင်မ်ဟွန်ဂျွန်ဟာ မတ် ၂၆ ရက် နံနက်ပိုင်းက သူ့ရဲ့နေအိမ်အနီးမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ သူငယ်ချင်းတွေနဲ့အတူ စုဖွဲ့သောက်ကြရင်းက သူ့ရဲ့ကားကို ရွှေ့ပေးဖို့ တောင်းဆိုခံခဲ့ရတာကြောင့် သွားရောက်ရွှေ့ပေးနေစဉ် ဒီလိုဖြစ်ခဲ့တာပါ။ ကားမောင်းခဲ့တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ"လို့ ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး ယင်းအေဂျင်စီက ကင်မ်ဟာ လတ်တလောမှာ ဖျော်ဖြေပွဲတစ်ခုပြုလုပ်ဖို့ရာ ပြင်ဆင်နေတာကြောင့် အိပ်ရေးတွေပျက်နေတဲ့အတွက် ဒီလိုအိပ်ပျော်သွားခဲ့ရတာဖြစ်နိုင်ကြောင်းနဲ့ ကင်မ်အနေနဲ့ ဒီလိုဖြစ်ရပ်မျိုးထပ်မံဖြစ်စေမှာမဟုတ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့် ဧပြီ ၁ ရက်မှာ ပေါ်ထွက်လာခဲ့တဲ့ ကင်မ်ဟွန်ဂျွန်ရဲ့ ကားကို ရိုက်ကူးထားခဲ့တဲ့ စီစီတီဗီမှတ်တမ်းအရ ကင်မ်ရဲ့ အေဂျင်စီကထုတ်ဖော်ပြောကြားခဲ့သလိုမဟုတ်ဘဲ ကားကို သုံးကီလိုမီတာခန့်မောင်းခဲ့တာကို တွေ့မြင်ခဲ့ရကြောင်း သိရပါတယ်။ ကင်မ်ဟာ မီးပွိုင့်တစ်ခုမှာ မီးနီကိုရပ်စောင့်နေစဉ်အတွင်း အိပ်ပျော်သွားခဲ့တာဖြစ်ပြီး မီးစိမ်းပြီးနောက် အခြားသောကားတွေဖြတ်သန်းသွားခဲ့ပေမယ့် ဆယ့်ငါးမိနစ်ခန့်ကြာသည်အထိ ကင်မ်ရဲ့ကားဟာ ရွေ့လျားခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ တိုင်ကြားချက်ကြောင့် ရဲတွေရောက်ရှိလာချိန်မှာတော့ ကားမောင်းတဲ့ထိုင်ခုံပေါ်မှာ အိပ်ပျော်နေတဲ့ ကင်မ်ကို တွေ့ခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

ဖြေရှင်းချက်အများတွေကို ထုတ်ပြန်ပြောကြားခဲ့မိတဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်ကတော့ တမင်ရည်ရွယ်ကာ သတင်းမှားတွေကို ပရိသတ်ဆီချပြခဲ့တာမဟုတ်ကြောင်းနဲ့ လတ်တလောမှာ ကြားသိရတဲ့အတိုင်းပြောကြားလိုက်ခြင်းသာဖြစ်ကြောင်း ပြန်လည်ရှင်းချက်ထုတ်ခဲ့ပါတယ်။ ဆက်လက်ပြီး အဆိုပါအေဂျင်စီက ကင်မ်ဟွန်ဂျွန်ဟာလည်း သူ့ရဲ့အမှားတွေကို လက်ခံကာ နောင်မမှားအောင်ပြင်ဆင်သွားမှာဖြစ်ကြောင်းလည်း ဆိုခဲ့ပါတယ်။

ဒီလိုအဖြစ်အပျက်တွေကြောင့် ကင်မ်ဟွန်ဂျွန်ရဲ့ လာမယ့်ဧပြီလအတွင်း ကျင်းပသွားဖို့ စီစဉ်ထားတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကိုလည်း ဖျက်သိမ်းနိုင်ဖွယ်ရှိနေကြောင်းလည်း သိရပါတယ်။



# ကလေးတွေကို ကစားခွင့်ပေးပါ

**ခင်မောင်ဌေး(ပညာရေး)**

တစ်နေ့က အ. ထ. က ကျောင်းကြီးတစ်ကျောင်းရှေ့က ဖြတ်ပြီး လမ်းလျှောက်သွားလိုက်တော့ ကလေးတွေရော ကျောင်းသားမိဘတွေရော ကျောင်းဝင်းအတွင်းမှာ တစ်စုတစ်ဝေးကြီး။ အကျိုးအကြောင်းမေးကြည့်တော့ နွေရာသီအားကစားသင်တန်းတွေလာတက်တာ။ တိုက်ကွမ်ဒိုနဲ့ ဝူရှူးသင်တန်းတဲ့။ ကောင်းလိုက်တာ။

ဒီနှစ်ကျောင်းပိတ်ရက် နွေသုံးလဟာ အရင်နှစ်တွေကထက် ပိုပြီးပူမယ်လို့ပြောထားပါတယ်။ တကယ်တော့ ဒီနွေကျောင်းပိတ်ရက်တွေဟာ ကလေးတွေစာမေးပွဲဖြေပြီးလို့ နားရမယ့်အချိန်ပါ။ အဲဒီနားရမယ့် အချိန်လေးတွေမှာ ကလေးတွေကို သူတို့ဝါသနာပါရာ စိတ်ဝင်စားတဲ့အားကစား၊ ရေကူး၊ ပန်းချီ၊ ဂီတနဲ့ အခြေခံကွန်ပျူတာသင်တန်းတွေမှာ အချိန်ကုန်ဆုံးစေချင်ပါတယ်။

**မိဘတွေအတွက်ကြီး**

တချို့မိဘတွေအတော်ကိုပဲ အတ္တကြီးပါတယ်။ စာမေးပွဲကြီးပြီးလို့ တစ်ပတ်လောက်မရှိသေးဘူး နောက်နှစ်အတွက် ကျူရှင်တွေအပ်နေပါပြီ။ တချို့ပုဂ္ဂလိကကျောင်းတွေလည်း ဖွင့်နေကြပါပြီ။ ကလေးတွေရဲ့ ဆန္ဒကိုသာ စစ်တမ်းကောက်ခွင့်ရမယ်ဆိုရင် ဒီလိုပူပြင်းလှတဲ့နွေရာသီမှာ စာသင်ချင်ကြမှာမဟုတ်ပါဘူး။

ကလေးသဘာဝဆော့ကစားချင်ကြမှာပါပဲ။ ဆော့ကစားတယ်ဆိုတဲ့နေရာမှာ ငွေကုန်ကြေးကျများပြီး စိတ်အာရုံကိုပျက်ပြားစေမယ့် ဂိမ်းအမျိုးမျိုးနဲ့ အွန်လိုင်းဂိမ်းမျိုးတွေကိုတော့ဖြင့် ရှောင်ရှားသင့်ပါတယ်။ ကလေးတစ်ယောက် ဘက်စုံထူးချွန်ဖို့ဆိုတာ ကိုယ်ကာယရော ဉာဏပါ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒီကနေ့ကိုးတန်း ဆယ်တန်းကိုရောက်လာတဲ့ ကျောင်းသား၊ ကျောင်းသူလေးတွေကို ကြည့်ပါ။ ကိုယ်ကာယဖွံ့ဖြိုးမှုအတော်နည်းတာကို တွေ့ရပါတယ်။

**ဂုဏ်ထူးရဖို့လုံးပမ်း**

တစ်ကိုယ်ရေကျန်းမာရေးကစလို့ ကိုယ်ကာယလေ့ကျင့်ဖို့၊ အားလပ်ချိန်မှာ အားကစားတစ်မျိုးလေ့လာလိုက်စားဖို့ဆိုတာ ဒီနေ့အတန်းကြီးကလေးတွေအဖို့ မရှိသလောက်ပါပဲ။ အဓိကအကြောင်းရင်းကတော့ စာမေးပွဲအောင်ဖို့၊ အမှတ်များများရဖို့၊ ဂုဏ်ထူးရဖို့လောက်ပဲ တစ်နှစ်ပတ်လုံး လုံးပမ်းနေကြရလို့ပါပဲ။

“ကာယ-ဉာဏ စာရိတ္တနဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး” အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ၂၀၁၆ ခုနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အများစုမလိုလားတဲ့ စာမေးပွဲစနစ်ကြီးကိုလည်း တစ်စစလျှော့ချဖို့အစီအစဉ်တွေ ဆွဲနေတာတွေ့ရပါတယ်။ တက္ကသိုလ်တစ်ခုခုတက်နိုင်ဖို့အတွက် အဆုံးအဖြတ်ပေးနိုင်တဲ့ အမှတ်စနစ်ကြီးကိုလည်း ပြင်ဆင်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းနေကြတာလည်းရှိပါတယ်။

တစ်ဖက်က ပညာရေးစနစ် ပြုပြင်ပြောင်းလဲဖို့ စီမံနေတဲ့အချိန်မှာ တစ်ဖက်က မိဘတွေက ဘက်စုံဖွံ့ဖြိုးတိုးတက်မှု (All Round Development) ဆိုတာကို မျက်ကွယ်ပြုပြီး တစ်နှစ်လုံး မမောတမ်းမနားတမ်း ဂုဏ်ထူးထွက်ရေးတစ်ခုတည်းကိုသာ ဦးစားပေးနေကြဦးမယ်ဆိုရင် ဂုဏ်ထူးရှင်ကြက်တူရွေးကလေးတွေပဲ တိုးပွားလာဖို့ရှိနေပါတယ်။

**ဂုဏ်ထူးရှင်ကြက်တူရွေး**

ဒီနေ့ဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်ကြရမှာပါ။ မဖြစ်မနေကိုတည်ဆောက်ကြရမယ့်အချိန်ပါ။ နောင်ဆယ်နှစ် အနှစ်နှစ်ဆယ် နေရင်ဒေသတွင်းနိုင်ငံတွေကို ကျော်လွန်ဖို့ရည်မှန်းထားကြတယ်။ ဒီတော့ နိုင်ငံတော်ကို ဘယ်လိုလူစွမ်းအားအရင်းအမြစ်တွေနဲ့ တည်ဆောက်ကြမှာလဲ။ ဘယ်လိုဝန်းရံကြမှာလဲ။ အခုလို ဂုဏ်ထူးရှင်ကြက်တူရွေးတွေနဲ့တော့ ခရီးပေါက်ဖို့မမြင်။ ရွှေပြည်တော်မျှော်တိုင်းဝေးနေဦးမှာပဲလို့ တွေးမိတယ်။

ငယ်ငယ်တုန်းက ကလေးဘဝပုံရိပ်တွေကို ပြန်တွေးကြည့်မိတယ်။ အညာသားဆိုတော့ နွေရာသီကျောင်းပိတ်ရက်ဟာ ပူလောင်လွန်းလှပါတယ်။ ကျောင်းပိတ်ပြီဆိုတာနဲ့ သူငယ်ချင်းတွေစုမိကြတယ်။ နေကပူလွန်းတော့ဆယ်နာရီလောက်ဆို အမေက ရေချိုးပေးတယ်။ သနပ်ခါးထူထူလိမ်းပေးတယ်။ သိပ်ပူလွန်းလို့ မိတ်ဖုလေးတွေထွက်လာရင် မန်းကျည်းခေါက်ခွာပြီး လိမ်းပေးတယ်။ တစ်ခါတည်းအေးမြသွားတာပဲ။ နေပူပူထဲဘယ်တော့မှ ထွက်မကစားရဘူး။ အရိပ်ထဲမှာကစားဖို့လုပ်ပေးတယ်။

အညာဆိုတော့ တမာပင်၊ မန်ကျည်းပင်ဆိုတာကလည်း အိမ်ဝင်းထဲမှာ ခြံစည်းရိုးမှာပေါက်နေကြတာဆိုတော့ သစ်ပင်ရိပ်မှာပဲ ဝိုင်းဖွဲ့ပြီးကစားရတာ အတော်ပျော်ဖို့ ကောင်းခဲ့တယ်။ ပြီးတော့ ကျူရှင်ဆိုတာလည်း မရှိတဲ့ခေတ်။

**ကျောင်းပိတ်ရက်မှာအနားယူ**

နွေရာသီကျောင်းပိတ်ရက်မှာ တဝကြီးအနားယူရတယ်။ ပူပင်ကြောင့်ကြကင်းခဲ့တယ်။ မိဘရိပ်မှာ အပြည့်အဝနားခွင့် ကစားခွင့်ရခဲ့တယ်။ မိဘတွေကိုယ်တိုင်ကလည်း ဇွန်လရောက်မှ ကျောင်းအပ်ဖို့ပြင်ကြတယ်။ စိန်ပန်းပွင့်တဲ့ ကျောင်းဖွင့်ချိန်ကို တမ်းတမှန်းဆပြီး လွမ်းခဲ့ကြရတာပါပဲ။

ထူးခြားတာကတော့ အဲဒီခေတ်ကကျောင်းသား၊ ကျောင်းသူတွေကို ကြည့်လိုက်ပါဦး။ ကိုးတန်းဆယ်တန်းဆိုရင် တကယ့်ကျောင်းသား၊ ကျောင်းသူကြီးတွေပါ။ ဖွံ့ထွားမှု ကြံ့ခိုင်မှုကလည်း အပြည့်၊ ဉာဏ်ရည်ဉာဏ်သွေးကလည်းကောင်းမှကောင်း။ ကျောင်းကောင်စီတို့၊ ကျောင်းဖွံ့ဖြိုးရေးအသင်းတွေမှာ ဦးစီးဦးဆောင်ပြုနိုင်ကြသလို ဆရာ၊ ဆရာမတွေရဲ့ ယုံကြည်ကိုးစားမှုကိုလည်း ခံကြရပါတယ်။ ကျောင်းတွင်းမှာရှိတဲ့ အခမ်းအနားတွေကိုလည်း ကျောင်းသား၊ ကျောင်းသူတွေကိုယ်တိုင် ဦးစီးနိုင်ခဲ့ကြပါတယ်။

**ခေါင်းဆောင်ကောင်း**

အဲဒီကလေးတွေ တက္ကသိုလ်ရောက်သွားတဲ့အခါမတော့ တကယ့်ကိုအတွေ့အကြုံရင့်ကျက်တဲ့ ကိုယ့်စွမ်းကိုယ်စတွေရှိတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်ခဲ့ကြတာပါပဲ။ ဝေးဝေးကိုပြေးမကြည့်ပါနဲ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ကျောင်းသားဘဝ မြင်ကွင်းကိုပဲ မှန်းဆကြည့်လိုက်ရင် ထင်ရှားတဲ့ပြယုဂ်တွေပါပဲ။ ဒါကြောင့်လည်း မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကျောင်းသားခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍဟာ ဘယ်တော့မှ မမေ့နိုင်လောက်အောင် မှတ်တမ်းတင်ခံခဲ့ကြရတာပါပဲ။

ဒီကနေ့ခေတ်နဲ့ ယှဉ်ကြည့်လိုက်စမ်းပါ။ ဒီကနေ့ ကိုးတန်းဆယ်တန်းကလေးတွေကို ကြည့်လိုက်စမ်းပါ။ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ သူတို့ရဲ့ ကြံ့ခိုင်ဖွံ့ဖြိုးမှု၊ သူတို့ရဲ့ ဦးဆောင်နိုင်မှု။ ဘယ်လိုစံနှုန်းတွေနဲ့မှ နှိုင်းဆလို့မရနိုင်တော့ပါဘူး။ အဆိုးဆုံးကတော့ ကျောင်းစာကလွဲပြီး ပြင်ပစာပေဗဟုသုတလေ့လာဖတ်ရှုမှုကနည်း။ ကိုယ်နိုင်ငံသရုပ်ကိုတောင်မှ ကိုယ်မသိ။ ဒီကနေ့ဖြစ်ထွန်းပေါ်ပေါက်နေတဲ့ နိုင်ငံရေးအနုပညာကိုလည်း စိတ်မဝင်စား။ ခေါင်းဆောင်မှုတန်ဖိုးတွေဆိုတာ ဘာမှန်းတောင်မသိဖြစ်နေရတဲ့ ဘဝမျိုးပါ။

**ဘက်စုံထူးချွန်**

ဒါတွေကို ဘယ်လိုပြုပြင်ပြောင်းလဲကြမှာလဲ။ စနစ်တွေမူဝါဒတွေ ဘယ်လောက်ပဲကောင်းကောင်း အခြေခံကျတဲ့လူတွေက လိုက်ပါမပြောင်းလဲဘူးဆိုရင် ရေပေါ်အရုပ်ရေးနေသလိုပါပဲ။ အထူးသဖြင့် မိဘတွေကိုယ်တိုင်က အတ္တတွေလျှော့ပြီး ဘက်စုံထူးချွန်တဲ့ သားကောင်း၊ သမီးကောင်းတွေဖြစ်ဖို့ နိုင်ငံကအားကိုးအားထားပြုထိုက်တဲ့ စွမ်းရည်ပြည့်လူသားတွေအဖြစ် မွေးဖွားသန့်စင်နိုင်ဖို့ ရည်မှန်းရပါလိမ့်မယ်။

ဒါ့ကြောင့် ပြောချင်တာကတော့ ကလေးတွေကို အခွင့်အရေးပေးပါ။ ကလေးတွေရသင့်တဲ့အခွင့်အရေးကို မပိတ်ပင်ပါနဲ့။ မဟန့်တားပါနဲ့။ မချုပ်ကိုင်ပါနဲ့။ လွတ်လပ်စွာဖွံ့ဖြိုးပါစေ။ တိုးတက်ပါစေ။ လှုပ်ရှားပါစေ။ ကလေးတွေကို ကစားခွင့်လေးပေးကြပါလို့ . . .။

## တာမွေနတ်ချောင်းတံတားဖွင့်ပွဲကျင်းပ

**တာမွေ ဧပြီ ၂**

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နှင့် မေတ္တာညွန့်ရပ်ကွက်တို့အား ပေါင်းကူးဆက်သွယ်ပေးသည့် မြန်မာ့ဂုဏ်ရည်လမ်းရှိ နတ်ချောင်းတံတားအရှည် ပေ ၆၀ အကျယ် ၂၈ ပေ နှစ်လမ်းသွား သံပေါင်ကွန်ကရစ်တံတားအား ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) မှ သွားလာမှုအန္တရာယ်ကင်းရှင်းစေရေးအတွက် အသစ်တည်ဆောက်ပေးလျက်ရှိပြီး မတ် ၁၇ ရက်က ပြီးစီးပြီဖြစ်ကြောင်း အဆိုပါတံတားတာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းကပြောသည်။

အဆိုပါတံတားအား လမ်းအလယ်၌ စည်းမျဉ်းဆွဲခြင်းနှင့် သံပေါင်များ လက်ရန်းများ ဆေးသုတ်ခြင်း၊ ကတ်တုံးနှင့် စကြီမျာ ဖြူနီကျားရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ မတ် ၂၉ ရက် နံနက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ တောင်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွန်း၊ လမ်း/တံတားဌာန လက်ထောက်ဌာနမှူး ဦးအောင်သန်း၊ တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တံတားအား ဖြတ်သန်းကြည့်ရှုကြသည်။

“ယခင်တံတားအဟောင်းက တစ်လမ်းသွားဖြစ်တဲ့အတွက် မော်တော်ယာဉ်တွေအလှည့်ကျစောင့်ဆိုင်းပြီး သွားကြရပါတယ်။ တံတားသက်တမ်းက ကြာပြီဖြစ်တဲ့အတွက် အန္တရာယ်ရှိပါတယ်။ ကြမ်းခင်းတွေကအစ ကျိုးကျမှုတွေရှိပါတယ်။ ယခုတံတားအသစ်က လူသွားစင်္ကြံပါတဲ့အတွက် ခြေကျင်လျှောက်တဲ့သူတွေအတွက်လည်း အန္တရာယ်ကင်းပါတယ်”ဟု စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ရှင်းပြသည်။ **မောင်မောင်**

## ရပ်ရွာအခြေပြုအဖွဲ့များအားကြည့်ရှုအားပေး

**ဒဂုံမြို့သစ်(တောင်ပိုင်း) ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီးကျော်စိုးတို့သည် မတ် ၂၅ နံနက် ၁၀ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ရွာအခြေပြုအဖွဲ့များအား သွားရောက်ကြည့်ရှု၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **၁၁၈**

## ဗူးခါးသီး မီးအိမ်၊ မီးစလောင်းများ ဈေးကွက်အတွင်းထိုးဖောက်နိုင်ရန် ကြံဆလုပ်ကိုင်လာ



**မန္တလေး ဧပြီ ၂**

မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ဈေးကွက်တွင် ထိုးဖောက်နိုင်ရန် ကြံဆလုပ်ကိုင်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပုလင်းပန်းချီ ဦးချစ်မြမှာ ပုလင်းပန်းချီ၊ ဗူးခါးသီးပန်းချီ၊ အုန်းခွက်ပန်းချီများကို တီထွင်ရေးဆွဲခဲ့ရာ ပြည်တွင်းပြည်ပမှ ဧည့်သည်များ အထူးနှစ်သက်ကာ ဝယ်ယူအားပေးလာကြသည်။ လက်ရှိ ကာလတွင် ဗူးခါးသီးမီးအိမ်ကလေးများကို ပြုလုပ်ပြီး ဈေးကွက်တွင် ထိုးဖောက်နိုင်ရန် ကြံဆလုပ်ကိုင်ကာ စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

ဗူးခါးသီးမီးအိမ်များကို ၂၀၁၅ ခုနှစ်တွင် စတင်ပြုလုပ်ပြီး လက်မှုအရောင်းပြခန်းများ၊ ဟိုတယ်များအတွက် သီးသန့်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လက်ခစားဖြင့်သာ ပြုလုပ်ပေးခဲ့သည်။ ယခုအခါ ဈေးကွက်တွင် ရောင်းချနိုင်ရန်အတွက် ရည်ရွယ်ကာ ဗူးခါးသီးမီးအိမ်၊မီးစလောင်းများကို ပြုလုပ်ရောင်းချနေပြီဖြစ်သည်။

ဗူးခါးသီးကို ပန်းချီပညာများဖြင့် ပေါင်းစပ်ကာ အလှဆင်ပြုလုပ်ထားသည်။ အများစုမှာ ကနုတ်ပန်းများ၊ သပြေက်ရွက်ပုံသဏ္ဌာန်များ၊ ချဉ်ပေါင်ရွက် ပုံသဏ္ဌာန်များကို လှပစွာပန်းဖောက်ကာ ပြုလုပ်ထားသည်။ ဗူးသီးမီးအိမ်၊ မီးစလောင်းကို ထွန်းညှိခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်ကြောင်းလည်း သိရသည်။

လက်ရှိကာလတွင် ဗူးခါးသီး မီးအိမ်၊ မီးစလောင်း တစ်ခုလျှင် (မီးသီး၊ မီးကြိုးအပါအဝင် အရန်သင့်ထွန်းနိုင်သည့် အနေအထား) ငွေကျပ် ၃၅၀၀၀ ဖြင့်ပြုလုပ်ရောင်းချပေးလျက်ရှိသည်။ လှပသော ဗူးခါးသီး မီးအိမ်၊ မီးစလောင်း၊ အုန်းခွက်ပန်းချီ၊ ဗူးခါးသီး ပန်းချီများကို မန္တလေးမြို့အနီး အမရပူရမြို့ မြေပဲတန်းရပ်၊ စစ်ကိုင်း-မန္တလေးလမ်း ပုလင်းပန်းချီဦးချစ်မြပန်းချီပြခန်း၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

## မြို့တွင်းအဆင့်မြင့် နိုင်လွန်ကတ္တရာလမ်း တိုးချဲ့ခင်းကျင်းမှု(၆၅)ရာနှုန်းပြီးစီး

**မြစ်ကြီးနား ဧပြီ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့အင်္ဂါရပ်နှင့်ညီစေရေး မြစ်ကြီးနားမြို့အတွင်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်း တိုးချဲ့ခင်းကျင်းနေမှုကို လမ်းဦးစီးဌာန တည်ဆောက်ရေး(၁)လမ်းအဖွဲ့ အထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း လမ်းအထူးတပ်ဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်ထံက သိရသည်။

အဆိုပါ လမ်းခင်းကျင်းမှုနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်က “မြို့တွင်း အဆင့်မြင့်နိုင်လွန် ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းကျင်းနေမှုကို ဖေဖော်ဝါရီ ၁၆ ရက်က စတင်ပြီး စက်ယန္တရားအစီး ၂၀ နဲ့ ဆောင်ရွက်လျက်ရှိရာမှ ယနေ့အထိ ၆၅ ရာခိုင်နှုန်းပြီးစီးနေပါပြီ” ဟု ပြောကြားသည်။

ဆက်လက်၍၎င်းက “အခုခင်းတဲ့ လမ်းကတော့ မြို့မရပ်ကွက်၊ စည်ပင်သာယာလမ်းဆုံနေ စီတာပူရပ်ကွက် အင်ဂျန်းခတံတားအထိ အရှည်ပေ ၅၂၈၀ ဖြစ်ပြီး ယခင်လမ်းအကျယ် တစ်ဖက်ကို ပေ ၂၀ ရှိရာမှ တစ်ဖက်ကို ၂၄ ပေခွဲအထိ နှစ်လမ်းသွား၊ အစုန်၊ အဆန် နှစ်လမ်းဆိုတော့ လေးလမ်းသွားအဖြစ် တိုးချဲ့ပြီး ထုနှစ်လက်မရှိ နိုင်လွန်ကတ္တရာလမ်းများ ခင်းကျင်းပေးလျက်ရှိပါတယ်။ပြီးတော့ လမ်းတစ်ဖက်စီမှာ ခုနစ်ပေအကျယ် လူသွားလမ်းပလက်ဖောင်းနဲ့ ရေစီးရေလာကောင်းမွန်ရေး သုံးပေအကျယ် နှစ်ပေအနက်ရှိတဲ့ အုတ်စီရေမြောင်းကိုလည်း တစ်ဆက်တည်း တည်ဆောက်ပေးလျက်ရှိပါတယ်” ဟု ပြောကြားသည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**

ကြေးမုံ

မေ ၃၊ ၂၀၁၇



## ပုဂံယဉ်ကျေးမှုနယ်မြေရှိသမိုင်းဝင်ဘုရားစေတီပုထိုးများသို့ပြည်တွင်းဘုရားဖူး လာရောက်မှုပိုမိုများပြား

**ညောင်ဦး မေ ၂**
ယခုရက်ပိုင်းတွင် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် ရှေးဟောင်းဘုရား စေတီပုထိုးများသို့ ပြည်ပနိုင်ငံ အသီးသီးမှ အလည်အပတ်လာရောက်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နည်းပါးသွားခဲ့ပြီး ပြည် တွင်း ဘုရားဖူးဧည့်သည်များသာ လာရောက်မှု ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

မေ ၁ ရက် နံနက်ပိုင်းက ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အဓိဋ္ဌာန်ဆုတောင်းပြည့် စွယ်တော်လေးဆူဖြစ်သည့် ရွှေစည်းခုံ စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ တုရင်တောင် စွယ်တော်မြတ်စေတီနှင့် တန့်ကြည်တောင် စွယ်တော်မြတ်စေတီတို့ အပြင် သမိုင်းဝင်တန်ခိုးကြီး ဘုရားများဖြစ်သည့် ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ အာနန္ဒာ၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ ဓမ္မရံကြီး၊ ပြဿဒ်ကြီး၊ ရွှေဆံတော်၊ ဓမ္မရာဇက၊ ရှင်အစ္စျဂေါဏ စသဖြင့်ဘုရားစေတီပုထိုးများအနှံ့ ပြည်တွင်းဘုရားဖူးဧည့်သည်များဖြင့်အထူးပင်စည်ကားလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။

"ကျွန်မတို့က ရန်ကုန်မြို့ကနေလာပြီး ပုဂံညောင်ဦးမြို့မှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတွေကို ဖူးချင်လွန်းလို့ လာခဲ့ကြတာပါ။ နောက်ပြီး ကလေးတွေလည်း နွေရာသီကျောင်းပိတ်တဲ့ အချိန်မှာ ပုဂံညောင်ဦးမြို့က ဘုရားတွေကို ဖူးခွင့်ရအောင် လိုက်ပို့ပေးတာပါ။ အလာတုန်းက ရန်ကုန်ကနေ မန်းရွှေစက်တော် ဘုရားကို အရင်ဖူးခဲ့ပြီးမှ ဒီကိုလာပြီး ဘုရားဖူး ဖြစ်တာပါ။ ဒီရောက်တော့ ကျွန်မတို့လိုပဲ ပြည်တွင်းဘုရားဖူးဧည့်သည်တွေ နေရာအနှံ့ ဘုရားတိုင်းလိုလို စည်စည်ကားကားနဲ့ ဘုရားဖူးလာရောက်ကြတာကို တွေ့မြင်ရတော့ ကျွန်မတို့အဖွဲ့ အလွန်ပျော်သွားပါတယ်။

အခုလို ဘုရားဖူး ရောက်တုန်းအချိန်လေး ဒီမှာရှိတဲ့ ဘုရားတွေစုံအောင် ဖူးပြီးမှပြန်ကြမှာပါ။ နောက်ပြီး ဒီမှာ ဘုရားဖူးသွားတဲ့အခါမှာလဲ ဘုရားတစ်ဆူနဲ့တစ်ဆူသွားဖို့အတွက် လမ်းတွေကကောင်းတောသွားရေးလာရေးလည်းအဆင်ပြေပါတယ်။ ဒီကိုလာပြီး ဘုရားဖူးရတာ စိတ်အေးချမ်းလို့ နောက်နှစ်တွေကျရင်လည်း ဘုရားဖူးလာဖြစ်အောင် လာအုံးမှာပါ" ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သည့် အဖွဲ့မှ အမျိုးသမီး တစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မန္တလေးမှမြစ်ကြီးနားသို့ပြေးဆွဲလျက်ရှိသော ရထားများအား မေ ၅ ရက်မှစ၍အချိန်ပြောင်းလဲပြေးဆွဲ

**မန္တလေး မေ ၂**
မန္တလေးမှမြစ်ကြီးနားသို့ ပြေးဆွဲလျက်ရှိသော ရထားများ၏ ခရီးစဉ်အချိန်များအားလာမည့် မေ ၅ ရက်နေ့မှစ၍ လပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း မန္တလေးဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ခရီးသွားတွေကြိုတင်သိရှိနိုင်ဖို့ မေ ၁ ရက်နေ့ကစပြီး အသိပေးကြေညာထားပါတယ်။ သုံးရက်ကြိုဝယ်ရတဲ့ အထူးတန်းလက်မှတ်တွေကိုလည်း မေ ၂ ရက်နေ့ကစပြီး ပြောင်းလဲထားတဲ့ အချိန်တိုင်းရောင်းချပေးပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ခရီးသွားတွေ အဆင်ပြေပြေသွားလာနိုင်မယ့်အချိန်တွေကို ရွေးပြီးပြောင်းလဲပြေးဆွဲပေးတာပါ" ဟု ၎င်းက ပြောသည်။

ယခုမန္တလေးဘူတာကြီးမှ ပြောင်းလဲပြေးဆွဲမည့် ရထားခရီးစဉ်အချိန်အများအနေဖြင့် အမှတ် ၅၇ အဆန်ရထားကိုနံနက် ၉ နာရီတွင် ၎င်း ၃၇ အဆန်ရထားအားနံနက် ၁၁ နာရီ ၃၀ တွင်၎င်း ၅၅ အဆန်ရထားအား ညနေ ၄ နာရီတွင်၎င်း ၄၁ အဆန်ရထားအားညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် ၎င်းပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ပြောင်းလဲပြေးဆွဲမည့်ရထားများသည် မြစ်ကြီးနားဘူတာသို့ အမှတ် ၅၇ အဆန်ရထားသည်နံနက်၅ နာရီ ၄၀ တွင်၎င်း ၃၇ အဆန်ရထားသည်နံနက် ၆ နာရီ ၃၀ တွင်၎င်း ၅၅ အဆန်ရထားသည် နံနက် ၁၁ နာရီ ၁၅ တွင်၎င်း ၄၁ အဆန်ရထားသည် ည ၈ နာရီ ၂၅ မိနစ်အချိန်တွင်၎င်းဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင်မြစ်ကြီးနားဘူတာမှ မန္တလေးသို့ ထွက်ခွာမည့်ရထားများ၏ အချိန်များကိုလည်း ပြောင်းလဲပြေးဆွဲမည်ဖြစ်ရာအမှတ် ၅၈ အစုန်ရထားသည် မြစ်ကြီးနားဘူတာမှညနေ ၄ နာရီတွင် ထွက်ခွာ၍ မန္တလေးသို့မွန်းလွဲ ၁ နာရီ ၃၀ တွင်၎င်းအမှတ် ၃၈ အစုန်ရထားသည် မြစ်ကြီးနားမှမွန်းတည့် ၁၂ နာရီတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ ၃၀ တွင်၎င်းအမှတ် ၅၆ အစုန်ရထားသည်မြစ်ကြီးနားမှ နံနက် ၈ နာရီ ၃၀ တွင်ထွက်ခွာ၍ မန္တလေးသို့ နံနက် ၃ နာရီ ၄၅ တွင်၎င်းအမှတ် ၄၂ အစုန်ရထားသည်မြစ်ကြီးနားမြို့မှ နံနက် ၆ နာရီ ၄၀ မိနစ်အချိန်တွင်ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ ၂၀ တွင်ဆိုက်ရောက်မည်ဖြစ်သည်။

"အခုလို ပြောင်းလဲပြေးဆွဲတဲ့ရထားအချိန်တွေအရဆိုရင် လုပ်ငန်းတာဝန်နဲ့ သွားလာနေသူတွေအတွက် အဆင်ပြေသွားတာပေါ့။ ဒါ့အပြင်နေ့ဘက်မှာရောက်တဲ့အတွက်လည်း သွားလာရေးစရိတ်တွေ သက်သာတဲ့အပြင် အန္တရာယ်လည်းကင်းတာပေါ့" ဟု မန္တလေးမှ မြစ်ကြီးနားသို့ လုပ်ငန်းဖြင့်သွားလာနေသူ ဦးဝင်းမြင့်က သုံးသပ်ပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေဆုံးရှုံးမှုမရှိအောင်စနစ်တကျစီမံသည့်အတွက် တပယ်ရွာအရှေ့ကန် ယခုနှစ်နွေအတွက်သောက်ရေဖူလုံ

**တံတားဦး မေ ၂**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တပယ်ရွာ အရှေ့ကန် ယခုနှစ်နွေရာသီအတွက် သောက်သုံးရေ ဖူလုံနိုင်ကြောင်း သိရသည်။ တပယ်ရွာမှာ အိမ်ခြေ (၃၀၀) ကျော် လူဦးရေ ၁၆၀၀ ကျော်ရှိပြီး ရေငန်ထွက်သည့် ရွာဖြစ်သည်။ သောက်ရေအတွက် တပယ်အရှေ့ကန်ကို အားထားရသည်။ ရေဆုံးရှုံးမှုမရှိစေရန် ရေကန်ကို စနစ်တကျစီမံပြုပြင် ထိန်းသိမ်းသည့်အတွက် တစ်နှစ်ပတ်လုံး သောက်ရေဖူလုံလာခဲ့ကြောင်း သိရသည်။

တပယ်ရွာ အရှေ့ကန်နှင့် ပတ်သက်၍ တပယ်ရွာခံ ဦးမြိုင်က "တပယ်ရွာအရှေ့ကန်ကို ရှေးယခင်က ကောင်းမွန်စွာ ပြုပြင်ခြင်းမရှိတဲ့အတွက် ရေလုံလောက်မှုမရှိတာတွေ ကြုံတွေ့ခဲ့ရတာပါ။ နောက်ပိုင်းဘုန်းတော်ကြီးဦးဆောင်ကာ သောက်ရေကန်ကို ပြုပြင်ဆည်ဖို့ခဲ့တယ်။ နောက်ပိုင်းမှာ ဆည်မြောင်းဦးစီးဌာနကနေ စနစ်တကျ တူးဖော်ပေးတဲ့ အတွက် တစ်နှစ်ပတ်လုံးအတွက် သောက်သုံး ရေဖူလုံလာပါတယ်။

ယခုနှစ်နွေအတွက်လည်း သောက်သုံးရေဖူလုံနိုင်ပါတယ်။ ဆည်မြောင်းဦးစီးဌာနက စနစ်တကျ တူးဖော်ပြုပြင်ပေးထားတဲ့ တပယ်အရှေ့ကန်ဟာကန်ပေါင်အလျား ပေ ၁၈၀၀၊ ကန်ပေါင်အကျယ် ၁၄ ပေ၊ ကန်ပေါင်အမြင့် ၁၅ ပေရှိပါတယ်။ သောက်သုံးရေအတွက် သီးသန့်အသုံးပြုပါတယ်။ ဝါဆိုဝါခေါင် ရေကြီးချိန်မှာ ဧရာဝတီမြစ်ရေဝင်ပါတယ်။ မြစ်ရေဝင်တဲ့အချိန်မှာ ကန်ပြည့်သည်အထိဝင်ပါတယ်။ မြစ်ရေကျချိန်မှာ ကန်ရေတံခါးကို စနစ်တကျပိတ်ပြီး သိုလှောင်ပါတယ်။ သောက်သုံးရေအတွက် သီးသန့်အသုံးပြုတာကြောင့် တစ်နှစ်ပတ်လုံး လုံလောက်ပါတယ်" ဟု ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**



## ငလျင်အန္တရာယ်ဆိုင်ရာနှင့် ရေနစ်လူနာအား ရှေးဦးပြုစုခြင်း ပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး မေ ၂**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မဟာအောင်မြေကြက်ခြေနီအသင်း(ခွဲ)မှ ကြီးမှူးလျက် အများပြည်သူတို့ ငလျင်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ရေနစ်လျှင် မည်သို့ပြုမူကြမည်ကို ကြိုတင်ပြင်ဆင်နိုင်ရေးပညာပေးဟောပြောပွဲ လက်တွေ့သရုပ်ပြမှုများကို မတ် ၃၁ ရက် ည ၇ နာရီက မန္တလေး စိန်ပန်းရပ်ကွက်ရှိ ဖောင်တော်ဦးဘုရားဝင်းအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိန်ပန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း မဟာအောင်မြေမြို့နယ် ကြက်ခြေနီအသင်းခွဲ အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ငလျင်ဟူသည် ငလျင်မဖြစ်မီ ပြင်ဆင်ထားရန်နည်းလမ်းများ ငလျင်ဖြစ်ဆဲတွင် တုံ့ပြန်ဆောင်ရွက်နိုင်ရန်နည်းလမ်းများ၊ ငလျင်ဖြစ်ပြီးလျှင် ပြုမူနိုင်ရန်နည်းလမ်းများ၊ ငလျင်နှင့်ပတ်သက်သောဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်(နည်းပြ၊ တပ်ခွဲမှူး) ဦးတင်ကိုထူးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ရေနစ်လူနာအားမည်သို့ ပြုစုကြရမည် ရေအန္တရာယ်နှင့် သတိပြုလိုက်နာဖွယ်များကို ဟောပြောသရုပ်ပြကြသည်။

"ကျွန်တော်တို့က ဒေသအာဏာပိုင်တွေနဲ့ ညှိနှိုင်းပြီး အစကတော့ ငလျင်ဆိုင်ရာပညာပေးအစီအစဉ်ပဲ လုပ်ဖို့ပါ။ ဒီဒေသ စိန်ပန်းရပ်ကွက်က ဧရာဝတီမြစ်ကြောင်းနဲ့လည်းနီးတယ်ဆိုတော့ ရေနစ်တာတွေ ဘာတွေရှိတယ်လို့ ဒေသခံတွေကပြောကြတာနဲ့ ရေနစ်သူကိုဘယ်လိုကယ်တင်မလဲ ရှေးဦးပြုစုမလဲဆိုတာကိုပါ ဆွေးနွေး သရုပ်ပြကြတာပါ။ ဒေသခံတွေက အစကတော့ ရေနစ်သူကို ထမ်းပြေးကြတယ်တဲ့လေ။ ဒီနေ့ ကျွန်တော်တို့ ကြက်ခြေနီတွေ အဆိုပါ အမူအကျင့်တွေကို ပြုပြင်နိုင်ခဲ့ကြပြီး ရေနစ်သူအတွက် မှန်ကန်သော ရှေးဦးပြုစုခြင်းများ အခြေခံ အသက်အထောက်အကူပြုခြင်း သင်ခန်းစာများကိုလည်း ကောင်းစွာဆွေးနွေး နိုင်ခဲ့ကြပါတယ်" ဟု မဟာအောင်မြေမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတပ်ရင်းမှူး သန့်ဇင်ဦးက ဆိုသည်။

အဆိုပါဟောပြော သရုပ်ပြပွဲသို့ စိန်ပန်းရပ်ကွက်မှ ကျား ၂၀၊ မ ၄၃ ဦး စုစုပေါင်းအင်အား ၆၃ ဦး တက်ရောက်ခဲ့ကြပြီး မဟာအောင်မြေမြို့နယ် ကြက်ခြေနီတပ်ရင်းမှ ငလျင်ဆိုင်ရာ လက်ကမ်းစာစောင်များ ရေနစ်သူကို အသက်ကယ်တင်ခြင်းဆိုင်ရာ လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေခဲ့ကြပြီး ငလျင်ဆိုင်ရာ ပညာပေးအစီအစဉ်များ၊ ရေနစ်ခြင်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ စိန်ပန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ် ကြက်ခြေနီအသင်းခွဲ အတွင်းရေးမှူး ဦးသန့်ဇင်ဦးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

**ကျော်စိုးဦး (မန္တလေး)**

## မြင်းခြံခရိုင် မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်

**မြင်းခြံ မေ ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မီးသတ်ဦးစီးဌာနသို့ ISUZU မီးသတ်ယာဉ် နှစ်စီး ပေးအပ်လှူဒါန်းပွဲကို ဇင်ယော် စားသောက်ဆိုင်တွင် မေ ၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အလှူရှင်မိသားစု ဦးမောင်ဇော် + ဒေါ်နုနု (OK လုပ်ငန်းစုကုမ္ပဏီလီမိတက်) မှ တစ်စီးလျှင် ကျပ်သိန်း ၂၀၀ တန်ဖိုးရှိ မီးသတ်ယာဉ်နှစ်စီးနှင့် ပတ်သက်သော စာရွက်စာတမ်းများကိုပေးအပ်ရာ မြင်းခြံခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

OK Group မှ လှူဒါန်းခဲ့သော မီးသတ်ယာဉ်အမျိုးအစားမှာ ISUZU အမျိုးအစား 7M/4192၊ 7M/4129 ယာဉ်နှစ်စီးတို့ဖြစ်ပြီး ထိုမီးသတ်စက်ယာဉ်များ၏ မီးငြိမ်းသတ်စွမ်းရည်ကို မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး (ငြိမ်း) ဦးကျော်ခိုင်စိုး၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေး၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်နှင့်တပ်ဖွဲ့ဝင်များ၊ အလှူရှင်မိသားစု၊ စက်သုံးဆီဖြန့်ဖြူးရောင်းချသူများအသင်း (မြင်းခြံ) အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးဇော်မင်းနိုင် (မြင်းခြံ)**

# အောက်မြန်မာပြည်

## စွန့်လွှတ်စစ်သည်များအား သက်သာချောင်ချိရေးအတွက်ထောက်ပံ့ပေး

**ပဲခူး ဧပြီ ၂**
မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဧပြီ ၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ်စစ်မှုဟောင်းရုံးအစည်းအဝေးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည်အစည်းအဝေးနှင့် စွန့်လွှတ်စစ်သည်များအား ထောက်ပံ့ခြင်းအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကတိသစ္စာခံယူကြသည်။

ထို့နောက် ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)က ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းလုပ်ငန်းကဏ္ဍကြီး (၅) ရပ်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး (၇၂) နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မော်ကွန်းဝင်ပုဂ္ဂိုလ်တစ်ဦးနှင့်နာယကအဖွဲ့များအား ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ဗိုလ်မှူးချုပ်မောင်နီ (ငြိမ်း)နှင့် ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)ကလည်းကောင်း၊ (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်ဆုရရှိသူများအား တပ်နယ်မှူးဗိုလ်မှူးကြီးဌေးတိုးနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)တို့ကလည်းကောင်း၊ နိုင်ငံအတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ကြသော အငြိမ်းစားစစ်သည် ၁၇၀ အား မြို့နယ်အစီအစဉ်ဖြင့် ထောက်ပံ့ပစ္စည်းများအား အလှူရှင်စိန်သရဖူပွဲရုံဦးအောင်လင်းကလည်းကောင်း၊ နယ်မြေစည်းရုံးရေးမှူး ၂၅ ဦးတို့အား အမှတ်တရလက်ဆောင်များကို မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့ဝင်စွန့်လွှတ်စစ်သည် ၁၇၀ ဦးနှင့် အဖွဲ့ဝင်အင်အား ၁၆၆၁ ဦးတို့၏ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ရေးမြို့ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ ရင်ခွဲရုံသစ်လွှဲပြောင်းပေးအပ်

**ရေး ဧပြီ ၂**
မွန်ပြည်နယ် ရေးမြို့ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ ရင်ခွဲရုံအသစ်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ရေးပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ရင်ခွဲရုံအဆောက်အအုံနှင့် သက်ဆိုင်ရာအချက်အလက်များအား တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွန့်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်ခွဲရုံသစ်တည်ဆောက်ခြင်းကို စေတနာအလှူရှင်များ၏ ထည့်ဝင်ငွေ ကျပ်သိန်းပေါင်း ၁၈၉၉၀၀၀၀ အကုန်ကျခံကာ ၃၅ ပေ ပတ်လည်ဖြစ်ကာ အဆောက်အအုံအမျိုးအစား RC တစ်ထပ်တွင် ခွဲစိတ်ခုတင် နှစ်လုံး၊ ရုပ်အလောင်းခုတင် သုံးလုံး၊ ဆရာဝန်ခန်း တစ်ခန်း၊ နားနေဆောင်များ ရေမီးစုံပါရှိကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၇ ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ မတ် ၂၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးဇော်ဦးဆောင်၍ မူခင်းပညာပေးယာဉ်ဖြင့် မူခင်းအသိပညာပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
ဓာတ်ပုံ - ကျော်စိုးမိုး

# မြန်မာနိုင်ငံ၏ပထမဦးဆုံးသောမီးအလှပြပွဲတော်၌ မြန်မာမှုပုံစံပြကွက်အသစ်များ ထည့်သွင်းပြသ



**ရန်ကုန် ဧပြီ ၂**
မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပသည့် မီးအလှပြ (Myanmar International Lighting Festival 2017) ပွဲတော်ကြီးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ LED လျှပ်စစ်မီးအလှဆင်ဖန်တီးမှုဖြင့် ပြသလျက်ရှိရာ မြန်မာမှုပုံစံပြကွက်အသစ်များဖြင့် ဧပြီ ၁ ရက် ညပိုင်းကထပ်မံဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

Myanmar International Lighting Festival 2017 ပွဲတော်ကြီးအတွင်း ပွဲတော်၏ သင်္ကေတအဖြစ် မြန်မာ့ရိုးရာ ဆွမ်းအုပ်ပုံမီးအလှဆင်ပြကွက်အား လှပခံ့ညားစွာ ပြုလုပ်တင်ဆက်ပြသထားပြီး ပါရီမြို့၏ ကမ္ဘာကျော် Eiffel Tower၊ ဂျပန်နိုင်ငံမှ ဖူဂျီတောင်၊ အာကာသအတွင်းရောက်ရှိသွားသလိုခံစားရမည့် Time Tunnel၊ ချစ်စဖွယ်ရုပ်ပုံများ၊ နာမည်ကျော်ရုပ်ရှင်နှင့် ကာတွန်းဇာတ်ကောင်များ၊ တိရစ္ဆာန်လေးများ၊ မျက်စိပသာဒရစေမည့် ပန်းအလှများအစရှိသည့် မီးအလှဆင်ပြကွက် (Light Fixtures) ပေါင်း ၆၀ ကျော်အားတင်ဆက်ပြသထားကာ မြန်မာမှုပုံစံ ပြကွက်အသစ်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ရွက်လှေ၊ အသည်းပုံနှင့် တေးတူရိယာပစ္စည်း ၁၅ မျိုးအား ထပ်မံထည့်သွင်း ခင်းကျင်းပြသလျက်ရှိသည်။

DN Development Group မှ Project Director ဦးဟိန်းထက်က "မီးအလှပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အများပြည်သူတွေ လာရောက်အပန်းဖြေအနားယူဖို့ ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီနေ့ညပိုင်းကစပြီး LED လျှပ်စစ်မီးအလှဆင်ဖန်တီးမှုနဲ့ ပြုလုပ်ထားတဲ့ မြန်မာမှုပုံစံပြကွက်အသစ်များကို ထပ်မံခင်းကျင်းပြသနေတာပါ၊ အဓိကတော့ ဒီပွဲလာရောက်ကြည့်ရှုကြတဲ့ လူကြီး၊ လူငယ်၊ ကျောင်းသား၊ကျောင်းသူများ ပျော်ရွှင်နှစ်သက်ကြတာမို့ ပွဲလည်းအောင်မြင်တယ်လို့ ခံစားရတဲ့အတွက် ခုလို မြန်မာမှုပုံစံ ပြကွက်အသစ်များကိုထပ်မံခင်းကျင်းပြသတာပါ။ ပွဲလာပြည်သူတွေလည်း ပျော်ရွှင်နေကြပါတယ်" ဟု ဆိုလေသည်။

မြန်မာမှုပုံစံ ပြကွက်အသစ်များဖြင့် ဧပြီ ၁ ရက် ညပိုင်းကထပ်မံ ဖွင့်လှစ်ပြသနေသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသောမီးအလှပြပွဲတော်၌ ပွဲတော်လူမှုကွန်ရက်စာမျက်နှာသို့ ပေးပို့နေသည့် Selfie Contest ပြိုင်ပွဲမှ ရွေးချယ်ခံရသည့် ကံထူးရှင် I Phone7 ဆုတစ်ဆု အပါအဝင် အခြားကံထူးရှင် ၁၀ ဦးအား အထူးလက်ဆောင်ဆုများကိုပေးအပ် ချီးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် ဧပြီ ၃၀ ရက်ထိ ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောမီးအလှပြပွဲတော်ကြီး နောက်ဆုံးရက်၌ ပွဲတော်လူမှုကွန်ရက်စာမျက်နှာသို့ ပေးပို့သည့် မိသားစုအလှပုံများနှင့် မီးအလှပြပွဲရှုခင်းဓာတ်ပုံဆုများအား ထပ်မံပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပွဲတော်လာပြည်သူဦးရေမှာ သောင်းချီဝင်ရောက် လှေ့လာခဲ့ကြပြီဖြစ်ကြောင်း မီးအလှပြပွဲတော် (Myanmar International Lighting Festival 2017 ) ပွဲတော်ကြီးမှ သိရသည်။

**စိုးဝင်း (MLA)**

## ရေကူးလက်ရွေးစင်များပေါ်ထွက်လာရေး ဖွဲ့ကပင်ရေကူးကန်၌ ရေကူးသင်တန်းဖွင့်

**ဘားအံ ဧပြီ ၂**
ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်လူရွယ်များအတွက် စနစ်တကျ ရေကူးနည်းများဖြင့် ရေကူးလက်ရွေးစင်များ ပေါ်ထွက်လာစေရေး၊ ဒေသခံပြည်သူများ ရေကူးအားကစားနည်းများဖြင့် စိတ်လက် အပန်းဖြေနိုင်စေရေးနှင့် ရေကူးတတ်စေခြင်းဖြင့် အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အထောက်အကူဖြစ်စေခြင်း ရည်ရွယ်ချက်များဖြင့် ရေကူးနည်းသင်တန်းကို ဧပြီ ၁ ရက်မှစတင်ကာ ဘားအံမြို့ သီရိလမ်းရှိ ကန်သာယာပန်းခြံဝင်းအတွင်းရှိ ဖွဲ့ကပင်ရေကူးကန်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့တွင် ပထမဦးဆုံးအကြိမ် ၅၀ × ၂၅ မီတာရှိသော အဆင့်မြင့် ရေကူးကန်အား ၂၀၁၅-၂၀၁၆ ပြည်နယ်အား/ကာဘတ်ဂျက် စုစုပေါင်း ကျပ်သန်း ၆၀၂ ဒသမ ၉၇၂ ဖြင့် ဆောက်လုပ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ပြီးစီးကာ ဒေသခံပြည်သူများ ရေကူးအားကစားနည်းများဖြင့် စိတ်လက်အပန်းဖြေနိုင်စေရေးအတွက် ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ပထမဦးဆုံးအကြိမ်ရေကူးသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကူးအားကစားနည်းသင်တန်းတွင် ဘားအံမြို့ပေါ်ရှိကလေးလူငယ် ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ ရက် ၂၀ ဖြစ်၍ ဧပြီ ၁ ရက်မှ ဧပြီ ၁၂ ရက်ထိဖွင့်လှစ်ပြီး သင်္ကြန်ကာလ ၅ ရက်ပိတ်ကာ ဧပြီ ၁၈ ရက်မှ ဧပြီ ၂၅ ရက်ထိ ပြန်လည်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



## စစ်တောင်းမြစ်ဝှမ်းရှိလယ်မြေဧက ၁၀၀၀၀ အားနှစ်စဉ် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ရေလျှံထိန်းတာပေါင်ပြုလုပ်

**သထုံ ဧပြီ ၂**
စစ်တောင်းမြစ်ဝှမ်း (ပြွန်တန်ဆာလွင်ပြင်)နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝေါ၊ ဒိုက်ဦး၊ ပြွန်တန်ဆာနှင့် ညောင်လေးပင်မြို့နယ်တို့မှ လယ်ယာမြေဧက ၁၀၀၀၀ အား မိုးရာသီကာလတွင် စစ်တောင်းမြစ်ရေလွှမ်းခြင်းမှ ကာကွယ်နိုင်ရန် ဝေါမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့ရှိ တာဦးရွာမှ ဆင်ရွာအထိ ရေလျှံထိန်းတာပေါင် တာဖို့ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၀၀၀ ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (၁)ရုံး တည်ဆောက်ရေး(၆) သထုံမှ တာဝန်ယူကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီတာပေါင်က မိုးအခါ စပါးစိုက်လယ်မြေတွေကို စစ်တောင်းမြစ်ရေလွှမ်းတာက ကာကွယ်ပေးမှာဖြစ်သလို ရာသီမရွေး ဒေသခံတွေအတွက် ကုန်ထုတ်လမ်းနဲ့ ပညာရေး၊ ကျန်းမာရေး စတာတွေအတွက် လမ်းအဖြစ်လည်း အသုံးပြုနိုင်မှာပါ။ အရင်ကဆို လယ်ကွင်းတွေထဲမှာ ထီးတည်းရှိတဲ့ ကျေးရွာခုနစ်ရွာလောက်က ကျေးရွာချင်းဆက်လမ်းတွေအဖြစ် အသုံးပြုပြီးတော့ မြို့နဲ့ အလွယ်တကူ ဆက်သွယ် သွားလာနိုင်ပါတော့မယ်။ တာပေါင်ရဲ့ စုစုပေါင်း အလျားက ၂၉ မိုင်ရှည်ပါတယ်။ ဒီနှစ်အတွက်ကိုတော့ ၉ မိုင်ခန့် ဆောင်ရွက်ပြီးပါပြီ" ဟု လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး တည်ဆောက်ရေး(၆) သထုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ တာဦး-ဆင်ရွာ ရေလျှံထိန်းတာပေါင် ၂၉ မိုင် တာဖို့ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ကာ ၁၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် စီမံကိန်း၏ ၃၀ ရာခိုင်နှုန်းဖြစ်သည့် တာပေါင် ၉ မိုင်ခန့် တာဖို့ခြင်းလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှ စတင်ဆောင်ရွက်ခြင်းဖြစ်ကာ လုပ်ငန်းများ ပြီးစီးနေပြီ ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အေးအေးချမ်းချမ်း မန်းရိပ်ခိုသင်္ကြန်

ဆုငှက်

မန္တလေးသင်္ကြန်၌ ခြေကျင် (သို့မဟုတ်) စက်ဘီးကိုယ်စီနှင့် မြို့မနောက်တကောက်ကောက်လိုက်လိုလိုက်။ ချစ်ပန်းနွယ်တို့ ရွှေမန်းမေတို့ရှေ့တွင် မော့လိုမော့။ ဗိုလ်သခင်ဆရာတို့၊ ဒိုးဒိုးဒေါက်ဒေါက်တို့၊ ဒဿဂီရိတို့လို သံချပ်အသင်းတွေဘေး ငေးလိုငေးနှင့် သင်္ကြန်မရောက်ခင် တီးလုံးတိုက်ကြကတည်းက ရင်ခုန်၊ သင်္ကြန်တွင်းလေး ရက်လုံး မမောမပန်းလည်ပတ်၊ သင်္ကြန်ပြီးတော့ လွမ်းလွမ်းဆွေးဆွေးနှင့် နှုမြောတသပြီး နောက်နှစ်သင်္ကြန်ရောက်ဖို့ ၃၆၄ ရက်ပဲလိုတော့တယ်ဟု အသစ်တစ်ဖန်ပြန်လည်မျှော်လင့်ခဲ့ကြရသော ကျွန်တော်တို့မိတ်ဆွေများသည် ၁၉၈၀ ဝန်းကျင်မှာတော့ အသီးသီးအသက၊ အသက မန္တလေးကခွဲခွာသွားကြရသည်။ အသက် ၂၀ နှင့် ၃၀ အတွင်းတွေဆိုတော့လည်း ယုံကြည်ရာ၊ တာဝန်ရှိရာ၊ ရေကြည်ရာ မြက်နုရာတွေဆီ ထွက်ခွာသွားကြသည့်သဘောဖြစ်သည်။

ဤသို့ဖြင့် ၁၀ နှစ်၊ အနှစ် ၂၀။ ထို့နောက် ၂၅ နှစ်။ ၂၅ နှစ်သော ငွေရတုနှစ်ကာလများအထိ ကျော်ဖြတ်ပြီးမှ မိတ်ဆွေများလည်း အတော်အတန်ထုသားပေသားရကာ ဇာတိမြေမန္တလေးသို့ အရပ်ကိုးမျက်နှာမှ ပြန်လည်ဝင်ရောက် အခြေချလာကြခြင်းဖြစ်သည်။ အရပ်ရှစ်မျက်နှာသာမက ကောင်းကင်မှဆင်းလာသူ ပါလာနိုင်သောကြောင့် အရပ်ကိုးမျက်နှာဟု ပြောရခြင်းဖြစ်သည်။ ထားပါတော့။

လူ့သက်တမ်း၏ တစ်ဝက်နီးပါး ခွဲခွာကြရတော့ ပြန်လည်ဆုံတွေ့ကြရချိန်၌ ယခင်မန္တလေးအရသာကို အပြည့်အဝခံစားလိုကြ၍ မနက်လင်းတာနှင့် လက်ဖက်ရည်ဆိုင်ထိုင်၊ ထွေရာလေးပါးပြော၊ ၁၀ နာရီ ၁၁ နာရီခန့်မှ လုပ်ငန်းခွင်သို့သွားနိုင်ကြခြင်းဖြစ်၏။ အားလုံး၏ ဆန္ဒကိုယ်စီမှာ လာမယ့်သင်္ကြန်ပျော်ကြမယ်ဟူသော အစီအစဉ်ချည်းဖြစ်နေသည်။

**မန္တလေးသင်္ကြန်ကား ၁၈၀ ဒီဂရီပြောင်းလဲ**

တကယ်တော့ ပြောလို့သာပြောတာ မန္တလေးသင်္ကြန်ကား ၁၈၀ ဒီဂရီပြောင်းလဲသွားတာ သူတို့မသိ။ ကျွန်တော်တို့ပျော်စရာမရှိ။ ကျုံးပတ်ပတ်လည် လက်ယှက်ထိုးမျှ မြို့ရိုးကျောပေးပြီး လက်ခုပ်တစ်ဖောင်မကမြင့်သည့် ဧရာမဏ္ဍပ်ကြီးတွေပေါ်မှာ ရန်ကုန်က အဆိုတော်တွေချည်း သင်္ကြန်သီချင်းမဟုတ်သော ခေတ်ပေါ်သီချင်းတွေသံပြိုင်ဟစ်ကြသည်။ အောက်က ကတ္တရာလမ်းမပေါ်မှာ လူတွေလူတွေက ခြေချစရာမရှိ။ မူးယစ်ပျော်ရွှင် ပေါက်ကွဲခုန်ပေါက်နေကြ၏။ ဂီတမရှိ၊ အကမရှိ။ အသိမ်အမွေ့ အနူးအညွတ်၊ အယဉ်အကျေးမရှိ။

၁၉၉၃ ခုနှစ်ရောက်ပါမှ ငွေဝန်းယာဉ်ကြီးဖြင့် ဖျစ်ညှစ်ကြိုးစားကာ ယခင်မူဟန်အတိုင်း သာယာနာပျော်ဖွယ် သင်္ကြန်သီချင်းများဖြင့် ငြိမ့်ညောင်းစွာ လှည့်လည်ဆင်နွှဲသည့် မြို့မတူရိယာအသင်းကြီးတစ်သင်းသာ သူနှင့်လိုက်လျောညီထွေသော ဧည့်ခံမဏ္ဍပ်က လက်တစ်ဖက်စာသာမရှိတော့သဖြင့် သင်္ကြန်တွင်း အိမ်တွင်းအောင်းနေကြရရှာသော မန္တလေးသားကြီးများရှိရာ အိမ်ဂေဟာများသို့ လှည့်လည်ဖျော်ဖြေနေရကြောင်း ချစ်မိတ်ဆွေများကို ပြောပြလိုက်တော့ သက်ပြင်းကိုယ်စီချလိုက်ကြသည်။ ထားတော့။

**အတိတ်ဆီသို့ ပြန်ရောက်**

ဤသို့ဖြင့် ပြန်လည်ဆုံဆည်းကြသည့် ၁၉၉၇ ခုနှစ်သင်္ကြန်မှာ ငယ်ဘဝကလို တစ်မြို့လုံးအနှံ့ မဏ္ဍပ်တိုင်းလှည့်လည်ငေးမောစရာ မလိုတော့ဘဲ မိတ်ဆွေတစ်ဦး၏ လုပ်ငန်းတည်ရှိရာ မြို့လယ်၌ အကြွတ်နေ့ညနေကတည်းက စုကြပြီး ဖန်ခွက်ကိုယ်စီဖြင့် လွမ်းနာကျကြရုံပဲ တတ်နိုင်သည်။ ပြီးတော့ မြို့မအလှုပြယာဉ်ကြီးအား ထိုနေ့ည၌ ထိုနေရာသို့ ဖိတ်ခေါ်ထားရုံပဲ တတ်နိုင်သည်ပေါ့။ ညနေ ၆ နာရီ၊ အားလုံးမှာ အတိတ်ဆီသို့ ရီဝေရီဝေပြန်လည်ရောက်သွားကြပြီ။ သို့သော် ပုံဆောင်မဲ့ မြင်ကွင်းများ။ ဆုပ်ကိုင်မရသည့် စကားလုံးများဖြင့်သာ။ ည၏အစ ၇ နာရီ၊ သင်္ကြန်နှင့်တူသည့် ဂျစ်ကားဘောနက်အား စည်းချက်ကျ တဒုံးဒုံးရိုက်ခတ်သံပဲကြားရ၏။ အခြားဘာမှမရှိ။ ပကတိတိတ်ဆိတ်။ ကျွန်တော်တို့ အတိတ်ဇာတ်လမ်းက ဇာတ်ရှိန်မြင့်နေသည်။ ၁၉၇၀ ဝန်းကျင်က လှိုင်းထဲတွင် ပုံရိပ်ပီပြင်လာ၏။

တိုက်ပုံအင်္ကျီအဖြူကိုယ်စီ၊ ရင်ထိုးတံဆိပ်ပြာ၊ တောင်မြို့ လုံချည်နက်ပြာကွက်စိပ်ဆင်တူဖြင့် ဆိုင်ကယ်နှစ်စီးထိုးဆိုက်လာပြီး နောက်မှာ မြို့မအသင်းကြီး လမ်း ၃၀ အတိုင်းတက်လာပြီဖြစ်ကြောင်း။ ၂၉ လမ်းအတိုင်း ဝင်ဖို့က ၈၁ လမ်းသည် တစ်လမ်းမောင်းဖြစ်နေ၍ မရကြောင်း ရှေ့ပြေးအနေနှင့် လာရောက်ကြိုတင်သတင်းပေးကြသည်။ ကျွန်တော်တို့အတိတ်ရေယာဉ်က ရုတ်ချည်းရပ်တန့်သွားသလို။ အားလုံးက ထိုင်ရာမှထကာ ဟိုးအနောက်ဆီ မျှော်လင့်။ ကျုံးထိပ်ပေါ်တော်မူ ဓမ္မာရုံ၏ သစ်သားခိုနန်းချိုးတွင် မီးရောင်အရိပ်တွေ ထင်ဟပ်လာ၏။

**ငွေဝန်းယာဉ်ကြီး ချိုးကွေ့လာ**

မကြာမီ အချက်ပြမီးလည်ဖြင့် ရှေ့ပြေးကားတစ်စီးပေါ်လာသည်။ နောက်မှာ ကန်တော့ပွဲညွှန့်ကြီးတင်ထားသည့် ဆန်နီပစ်ကပ်ကားတစ်စီး။ ပြီးတော့ မီးရောင်စုံထိန်လင်းနေသည့် ငွေဝန်းအလှုပြယာဉ်ကြီး။ မြင်ကွင်းတွင်ပေါ်လာခြင်းနှင့်အတူ ပြိုင်တူတီးမှုတ်လိုက်သော တေးသွားအတောက ပတ်မကြီးအဆို့အပိတ်ဖြင့် ခွံ့ခွံ့ညားညား ဟည်းထမြိုင်ဆိုင်သွားသည်။ ကျွန်တော်တို့မိတ်ဆွေအားလုံး ရုတ်ချည်းမေ့မြောသွားကြလေသလား။ နီးစပ်ရာလက်တွေ ဖမ်းကိုင်လိုက်မိ။ အားလုံးအေးစက်။ အားလုံး ငယ်လွမ်းဝေဒနာ။ တူရိယာသံနှင့်အတူ ငွေဝန်းယာဉ်ကြီး တငြိမ့်ငြိမ့်ချိုးကွေ့လာ။

“အေးအေးချမ်းချမ်း . . လောင်းစမ်းသင်္ကြန်ရေ၊
မာပါစေ၊ တောင်းဆုကိုခွေ၊
ဖျန်းပက်သူတို့ ယဉ်စစချော့နွဲ့နွဲ့လုံမေ၊
ထောင့်သုံးရာငါးဆယ့်ရှစ်ခုနှစ် သင်္ကြန်ရေ၊
စွတ်သူစိုသူ၊ ကြည်ဖြူစွာလေ
စိတ်မှာထင်မြင်၊ ရေစင်တွေဖျန်း
မောင်ရင်းနှမတမ်းတသူတွေ”





ငွေဝန်းအလှုပြယာဉ်ကြီးက တေးသံမြိုင်မြိုင်နှင့်အတူ ကျွန်တော်တို့ရှေ့ထိုးဆိုက်လာသည်။ အရင်ကတော့ အခုလိုအလှုပြယာဉ်ကြီးရှေ့မှာ ငန်းရုပ်လေးတွေကိုယ်စီနှင့် ပိုင်းလော့ကားအစီး ၂၀ ခန့်နှင့် ဘေးမှာ နောက်မှာ သင်္ကြန်ပျော်ကားတွေ ကျပ်ညှပ်ပြီး လိုက်ပါလာသည်။ အခုတော့။

တကယ်တော့ ကျွန်တော်တို့ ကိုယ်နှိုက်ကလည်း သင်္ကြန်မှာ အထီးကျန်ဖြစ်နေတာကြာပြီ။ မြို့မငွေဝန်းကြီးက အခုလို ခေတ်ပေါ်သင်္ကြန်တွင် အထီးကျန်နေသူပေါင်းများစွာဆီဖြေသိမ့်ပေးနေတာပဲလေ။

“ဒီသီချင်းက အတော်ခံ့ညားတာပဲ။ ရင်ထဲဆို့တက်ပြီး မျက်ရည်တောင်လည်လာမိတယ်။ ထောင့်သုံးရာငါးဆယ့်ရှစ်သင်္ကြန်ရေဆိုတော့ ဒီနှစ်စပ်တာလား” ဟု ဟိုးတောင်ပေါ်အနှံ့အဝေးဆီခြေဆန့်ပြီး နှစ်အစိတ်ကျော်မှ မန္တလေးပြန်လာသူ မိတ်ဆွေကမေး၏။ “မဟုတ်ဘူးဗျ၊ ဒါ ဆရာမြို့မငြိမ်းရေးခဲ့တာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်တိတိက သီချင်း၊ ၁၉၄၇ ခုနှစ်ကပေါ့ဗျာ”

**ပျံလုမတတ်ငွေဝန်း**

ဖွင့်ချည် မှိတ်ချည် မီးလုံးရောင်စုံသွယ်တန်းရစ်ဆွဲထားသည့် ပျံလုမတတ်ငွေဝန်းရုပ်ကြီးကို ငေးမောကြည့်ရှုနေရင်း အမြင်တွေ ဝေဝါးသွားသည်။ သတင်းစာဟောင်းများ၏ ဝါကျင့်ကျင့်စာမျက်နှာများလည်း တဖျပ်ဖျပ်လန်သွားပါပကော။

၁၉၄၇ ခုနှစ် ဧပြီလ ၁၀ ရက်။ ကောဇာသက္ကရာဇ် ၁၃၀၉ ခုနှစ် တန်ခူးလပြည့်ကျော် (၅)ရက်နေ့ထုတ် လူထုသတင်းစာမျက်နှာဖုံးတွင် သင်္ကြန်ပွဲတော်၌ ဆင်နွှဲမည့် မြို့မအသင်းကြီး၏ အလှုပြယာဉ်ဒီဇိုင်းကို ဖော်ပြထားပြီး သီဆိုဖျော်ဖြေမည့် သီချင်းအသစ်များ၏ စာသားများအား မျက်နှာဖုံး၌ပင် ပုံနှိပ်ဖော်ပြထားသည်။ သီချင်းသစ်များတွင် ‘ရွှေမန်းတောင်ရိပ်ခို’ သီချင်း၊ ‘အေးအေးချမ်းချမ်း လောင်းစမ်းသင်္ကြန်ရေ’ အစချီ အေးအေးချမ်းချမ်းသီချင်း၊ ‘ရေလောင်းရေပက်ခံလာတယ် သူငယ်ချင်းရင်းတဲ့ လုံမေရယ်’ အစချီ ‘ရေလောင်းရေပက်’ သီချင်း၊ ‘ပျော်ပါစေမယ်လာကွယ်အလှရယ် ရေပက်ခံမယ်’ အစချီသီချင်းစာသားများအပြည့်အစုံနှင့် မြို့မအသင်းမှ သံချပ်ကိုပင် ထည့်သွင်းဖော်ပြထား၏။

ထို့ကြောင့် ယနေ့နာမည်ကျော်နေသော ‘ရွှေမန်းတောင်ရိပ်ခို’ သီချင်းသည် ၁၉၄၇ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့သော သီချင်းဖြစ်ကြောင်း မှတ်သားရသည်။ ‘အေးအေးချမ်းချမ်း’ ဟူသော သီချင်းတွင် ‘အေးအေးချမ်းချမ်း လောင်းစမ်းသင်္ကြန်ရေ မာပါစေ တောင်းဆုကိုခွေ၊ ဖျန်းပက်သူတို့ ယဉ်စစချော့နွဲ့လုံမေ၊ ထောင့်သုံးရာရှစ်ခုနှစ် သင်္ကြန်ရေ’ ဟု ဆရာမြို့မငြိမ်းက ရေးစပ်ခဲ့သည်။

**အပြိုင်အဆိုင်စီစဉ်**

၁၉၄၇ ခု (၁၃၀၈ ခုမှ ၁၃၀၉ ခုနှစ်ကူး) သင်္ကြန်ကား စစ်ကြီးအပြီးတွင် ပြန်လည်၍ထူးထူးခြားခြား စည်ကားသော သင်္ကြန်ဖြစ်သည်။ သင်္ကြန်မတိုင်မီကတည်းက တီးလုံးတိုက်ကြ၊ သီချင်းစပ်ကြ၊ သံချပ်စပ်ကြ၊ အလှုပြယာဉ်ဒီဇိုင်း ပြင်ဆင်ကြနှင့် အပြိုင်အဆိုင်စီစဉ်ခဲ့ကြရာ တစ်ဦးနှင့်တစ်ဦး အတုခိုး အသာရသွားရမှာစိုးသောကြောင့် လျှို့ဝှက်စွာကျိတ်၍ စီစဉ်ကြခြင်းဖြစ်၏။ မြို့လူထုကလည်း မည်သည့်အသင်းက မည်သို့မည်ပုံ သင်္ကြန်ဆင်နွှဲမည်ကို အထူးသိလိုနေကြသည်။ ထို့ကြောင့် မန္တလေးမြို့ထုတ် လူထုသတင်းစာက သင်္ကြန်မတိုင်မီက တင်ကြို၍ သင်္ကြန်အလှုပြယာဉ်များ၏သတင်းကို ပုံစံဒီဇိုင်း၊ သီချင်း၊ သံချပ်များနှင့်တကွ နေ့စဉ်သတင်းပေးဖော်ပြခဲ့ခြင်းဖြစ်သည်။

